# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၂၇ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၇ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၂၇ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ် စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှ ယ်ဦးရေစုစုပေါင်း (၂၁၈) ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၁၁) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၆.၇၉) ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပု ဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေ ခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၂၇ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဦးဝင်းမောင် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းမောင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်၂။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ဟာ အအေးမိပြီးတော့ တုပ်ကွေးဖျား နေတဲ့အတွက် ဒီနေ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှာ အမျိုးသားလွှတ်တော် မတက်ရောက်နိုင်သည်ကို ခွင့်ပြုပါရန် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က လေးစားစွာ ခွင့်တိုင်အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ရဲ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း သည် မကျန်း မာသေးပါသဖြင့် ယနေ့ ၂၉-၉-၂၀၁၁ ရက်နေ့ကို ခွင့် (၁)ရက်အဖြစ် ထပ်မံခွင့်ပြုပေးပါရန် ၎င်းကိုယ်စား ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်း က လေးစား စွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုးဝင်း ရဲ့ ၂၉-၉-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်း နဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပုဂ္ဂလိကမှ အလုံးစုံပိုင်ဆိုင် စီမံခန့်ခွဲပိုင်ခွင့်ရှိသော နေ့စဉ်ထုတ်ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်ကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြား ရမယ့် မေးခွန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြ တ်ဉာဏစိုး က ပုဂ္ဂလိကမှ အလုံး စုံ ပိုင်ဆိုင် စီမံခန့်ခွဲပိုင်ခွင့်ရှိသော နေ့စဉ်ထုတ်ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့် ကို ခွင့်ပြုပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုပါတယ်ခင်ဗျား။ လေးစားအပ်ပါ သောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးရခြင်းအဓိက ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအ ခြေခံဥပဒေပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပ ဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာ ယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင ့်တရားအကျိုးငှာ ပြဋ္ဌာန်း ထားသည့် ဥပဒေများကို မဆန့်ကျင်လျှ င်အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ အဲဒီမှာ ပုဒ်မခွဲ (က)မှာ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့် ဆိုတာ ထိပ်ဆုံးမှာကို ပါရှိပါတယ်။ ကျွန်တော်တို့ လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်မှာလည်း ပြည်ထောင်စုအစိုးရသမ္မတကြီးကိုယ်၌ကိုက စတုတ္ထမဏ္ဍိုင်များရဲ့ အရေးပါပုံအခန်းကဏ္ဍကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီးဖြစ်ပါတယ်။ဒီအတွက်ကြောင့်မို့လို့ တိုင်းပြည်ရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာများရဲ့ အခန်းကဏ္ဍကလည်း များစွာအရေးပါလှပါတယ် ဆိုတာကို ထပ်မံတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို မီဒီယာကဏ္ဍ အရေးပါတဲ့အထဲမှာ မီဒီယာအနေနဲ့ ကျွန်တော်တို့ ပုံနှိပ်မီဒီယာများ ရုပ်သံမီဒီယာများ မီဒီယာမျိုးစုံရှိပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ပုံနှိပ်မီဒီယာအနေနဲ့ကတော့ သတင်းစာတွေ၊ ဂျာနယ်တွေ ၊ စာနယ်ဇင်းတွေ ဒီလိုထုတ်ဝေဖြန့်ချိ နေတာမျိုးတွေ ရှိပါတယ်။ ဒီနေရာမှာ တင်ပြလိုတာကတော့ ကျွန်တော်တို့ နေ့စဉ် ထုတ်သတင်းစာများ ထုတ် ဝေတဲ့နေရာမှာ ပုဂ္ဂလိက သတင်းစာများ၊ ယနေ့တိုင် မြန်မာနိုင်ငံမှာ တစ်စောင်မှ ထုတ်ဝေခြင်းရှိတာကို မတွေ့ရသေးပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွ န်တော်တို့ အာဆီယံနိုင်ငံတွေကိုကြည့်မယ်ဆိုရင် အာဆီယံနိုင်ငံ(၁၀)နိုင်ငံမှာ ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာ ထုတ်ဝေဖြန့်ချိမှု မပြု နိုင်သေးတာ မြန်မာနိုင်ငံတစ်နိုင် ငံပဲကျန်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တစ်ပါတီစနစ်ကျင့်သုံးဆဲဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာတောင်မှ ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာများ ထုတ်ဝေခွင့်ရရှိနေတယ်ဆိုတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအတွက် ကြောင့် မို့လို့ နိုင်ငံတော်ရဲ့ ခေတ်ပြောင်း

စနစ်ပြောင်းမှာ လိုအပ်နေတဲ့ နေ့စဥ်ထုတ် ပုဂ္ဂလိကပိုင်သတင်းစာတစ်စောင်၊ ဒါမှမဟုတ်လည်း သတင်းစာများကို ထုတ်ဝေခွင့် ပြုနိုင်/မပြုနိုင်နှင့် စပ်လျဥ်းတဲ့မေးခွန်းကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပုဂ္ဂလိကမှ အလုံးစုံပိုင်ဆိုင် စီမံခန့်ခွဲပိုင်ခွင့်ရှိသော နေ့စဥ်ထုတ်ပုဂ္ဂလိက သတင်းစာထုတ်ဝေခွင့်ကို မည်သည့်အချိန်တွင် ခွင့်ပြုပေးပါမည်နည်း။ ခွင့်ပြုပေးရန်အစီအစဥ် ရှိ/မရှိ။ မရှိပါကလည်း ဘယ်အကြောင်းကြောင့် ခွင့်ပြုပေးနိုင်ခြင်းမရှိသည်ကို ဖြေကြား ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးအများကြီး တင်ရှိပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်ဆန်း (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်ကြီးများခင်ဗျား။ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အခါမှာ ကျွန်တော်တို့ နိုင်ငံအတွင်း စာပေထုတ်ဝေခွင့်နှင့် ပတ်သက်ပြီးကြည့်မယ်ဆိုရင် စာပေထုတ်ဝေခွင့် မှတ်ပုံတင် ပေါင်း (၉၆၁)ခုရှိပြီးတော့ အဲဒီမှတ်ပုံတင်ထားကြတဲ့ ပုဂ္ဂိုလ်၊ ကုမ္ပဏီများဟာ မိမိတို့နဲ့ သက်ဆိုင်ရာ စာပေစာစောင်များကို ရေးသားထုတ်ဝေဖြန့်ချိလျက်ရှိနေကြပါတယ်။ အဲဒီအထဲမှာ ဂျာနယ်(၁၅၉)စောင်က အပတ်စဥ်ထုတ် ဝေလျက်ရှိပြီးတော့ မဂ္ဂဇင်း (၁၄၉)စောင်က လစဥ် ထုတ်ဝေလျက်ရှိနေပါတယ်။ အပတ်စဥ်ထုတ်ဂျာနယ်များဟာ ရက်အလိုက် ထုတ်ဝေနေတာဖြစ် ပြီးတော့ တနင်္လာနေ့မှာ (၃၄)စောင်၊ အင်္ဂါနေ့ မှာ (၁၇)စောင်၊ ဗုဒ္ဓဟူးနေ့မှာ (၂၁)စောင်၊ ကြာသပတေးနေ့မှာ (၁၇)စောင်၊ သောကြာနေ့မှာ (၁၉)စောင်၊ စနေနေ့မှာ (၁၁)စောင်နဲ့ တနင်္ဂနွေနေ့မှာ (၁၃)စောင် ထုတ်ဝေဖြန့်ချိနေကြပါတယ်။ ကျန်တဲ့ (၂၆)စောင်ကတော့ နှစ်ပတ် တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိပါတယ်။ ဒီဂျာနယ် ထုတ်ဝေမှုကိုကြည့်ရင် ဂျာနယ်များဟာ

တနင်္လာနေ့မှသည် တနင်္ဂနွေနေ့အထိ နေ့စဉ်ထုတ်ဝေနေကြတာကို တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ဂျာနယ်များဟာ နေ့စဉ်ထုတ်ပုဂ္ဂလိကသတင်းစာများသဖွယ် ပြည်သူတွေအတွက် သတင်းနဲ့ အ သိဗဟုသုတများကို ဖြန့်ချိပေးနေတာ တွေ့ရမှာဖြစ်တယ်လို့ ရှင်းပြလိုပါတယ်။ ကနေ့အခါမှာ အခြေခံဥပဒေကို ကျွန်တော်တို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ရေးသားထုတ်ဝေမှုများဟာ အခြေခံဥပဒေပုဒ်မ ၃၅၄ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၃၅၄ မှာ ပြဋ္ဌာန်းထားတာကတော့ ဒါ ဒေါက်တာမြတ်ဉာဏစိုး လည်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဘယ်လိုပြဋ္ဌာန်းထားသလဲဆိုရင် နိုင်ငံသား တိုင်းဟာ နိုင်ငံတော်ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူအများရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့မဆန့်ကျ င်ရင် မိမိတို့ရဲ့ ယုံကြည်ချက်၊ မိမိတို့ရဲ့ထင်မြင်ယူဆချက်တွေကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားဖြန့်ချိခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ စာပေ စာနယ်ဇင်းများဟာ အဲဒီ ပြဋ္ဌာန်းချက်နဲ့ အညီ လိုက်နာကြရမှာ လုပ်ဆောင်ကြရမှာဖြစ်တယ်လို့ ပြောလိုပါတယ်။ အဲဒီ ပြဋ္ဌာန်းချက်ကို ကျွန်တော်တို့ဆန်းစစ်ကြည့်ရင် သတင်းမီဒီယာသမားများဟာ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့် ရှိကြသလို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာ အေးချမ်းသာယာရေးကို ထိပါးခြင်းမရှိအောင်လည်း တာဝန်ယူကြရမှာဖြစ်ပါတယ်။ အလားတူပါပဲ သတင်းမီဒီယာသမား များဟာ လွ တ်လပ်စွာရေးသားထုတ်ဝေခွင့်ရှိသလို ပြည်သူအများရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို မဆန့်ကျင်မိအောင်လည်း ထိန်းသိမ်းကြရမယ့် တာဝန်ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူများရဲ့ ကိုယ်ကျင့်တရား အကျိုးငှာဆိုတဲ့ စကားဟာ ကျယ်ပြန့်ပါတယ်။ ကျယ် ပြန့်တဲ့အတွက် အချို့ သောကိစ္စတွေအတွက် ဥပဒေနဲ့ပြဋ္ဌာန်းထားလို့ ရနိုင်မှာဖြစ်သလို အချို့သောပြည်သူများရဲ့ ကိုယ်ကျင့်တရား အကျိုးငှာဆိုတဲ့ကိစ္စများဟာ ဥပဒေပြဋ္ဌာန်းလို့ ရကောင်းမှ ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြဋ္ဌာန်းလို့ရတာတွေကို ဥပဒေနဲ့ အညီ လိုက်နာကျင့်ကြံကြရမှာဖြစ်ပြီးတော့ ဥပဒေပြဋ္ဌာန်းလို့မရနိုင်တဲ့ ပြည်သူများရဲ့ကိုယ်ကျင့်တရား အကျိုးငှာဆိုတဲ့ကိစ္စတွေကိုတော့ ဆင်ခြင်တုံတရားနဲ့ လိုက်နာဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ဒါကြောင့် သတင်းမီဒီယာသမားများဟာ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ရှိသလို လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားတို့ကို ပေါင်းစပ်ယှဉ်တွဲ ကျင့်သုံးရမှာဖြစ်ကြောင်း ကျွန်တော် ရှင်းလင်းပြောကြားလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ အနာဂတ်ကို

မျှော်ကြည့်ဖို့လိုသလို အတိတ်က ဖြစ်ပွားခဲ့တဲ့ သင်ခန်းစာများ ကိုလည်း သတိပြုကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပါလီမန်ဒီမိုကရေစီခေတ်က စာပေ ၊ စာနယ်ဇင်းများ ပုဂ္ဂလိက သတင်းစာများ အများအပြားရေးသားထုတ်ဝေခဲ့ကြပါတယ်။ သို့သော်လည်းပဲ အနည်းငယ်ကသာ စတုတ္ထမဏ္ဍိုင်ပီသစွာ ကျင့်သုံး ဆောင်ရွက်ခဲ့ကြပြီးတော့ အများစုက တော့ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲတွေကို အခြေခံပြီးတော့ လွ န်လွန်ကျံကျံ ရေးသားခဲ့ကြတာတွေ ကြောင့် ပုဂ္ဂိုလ်ရေး မုန်းတီးမှုတွေ လူထုအတွင်းမှာ သဘော ထားကွဲပြားမှုတွေ ဖြစ်ပေါ်စေပြီး တော့ အကျိုးထက် အပြစ်ကများခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီးက အနာဂတ်ကို သွားကြတဲ့အခါမှာ စတုတ္ထမဏ္ဍ ိုင်ဖြစ်တဲ့ သတင်းမီဒီယာများ နဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေ ခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ခေတ်နဲ့မလျော်ညီတဲ့ စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းမှု ပြုလုပ်မယ်လို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးမှာ ရှင်းလင်းမိန့်ကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းမီဒီယာဆိုင်ရာ ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင ့် အသစ်ပြဋ္ဌာန်းခြင်းတို့ ပြုလုပ်ပြီးတော့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်အောင် စီမံဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုလွှတ်တော်က သတင်းမီဒီယာ ဥပဒေများကို အတည်ပြု ပြဋ္ဌာန်းနို င်ခြင်း မရှိသေးတဲ့ ကာလမှာလည်း လက်ရှိတည်ဆဲဥပဒေများ က ခွင့်ပြုထားတဲ့ လုပ်ပိုင်ခွင့်များအတွင်းကနေပြီးတော့မှ သတင်းမီ ဒီယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှု များနဲ့ ဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုသတင်းမီဒီယာဆိုင်ရာ ပြုပြင် ပြောင်းလဲမှုနဲ့ ဖြေလျှော့မှုတွေကို ဆောင်ရွက်ပေးနေရတဲ့ ရည် ရွယ်ချက်က ပြည်ထောင်စု လွှတ်တော်က ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းတဲ့ သတင်းမီဒီယာ ဥပ ဒေများကို အတည်ပြုလိုက်တဲ့အခါမှာ သတင်းမီဒီယာသမားများရဲ့လုပ်ကိုင်ဆောင်ရွက်မှုတွေနဲ့ ဟန်ချက်ညီသဟဇာတဖြစ်သွားစေဖို့ ရည်မှန်းပြီးတော့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကနေ့ အဲ ဒီလိုသတင်းမီဒီယာဆိုင်ရာ ပြုပြင် ပြောင်းလဲမှုနဲ့ ဖြေလျှော့မှုအချို့ကို အကျဉ်းချုပ်ပြီးပြောရမယ်ဆို ရင် မူလက စာပေ စိစစ်ရေး မူ(၂၁)ချက် သတ်မှတ်ထားရာကနေပြီးတော့ ယနေ့ အခါမှာ(၁၂)ချက်သို့ ပြောင်းလဲသတ်မှတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလို ပြုပြင်ပြောင်းလဲတဲ့ အခါမှာလည်းပဲ အာ ဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့မူများကို လေ့လာပြီးကာမှ မိမိနိုင်ငံရဲ့အရှိတရားနဲ့

လိုက်လျောညီထွေဖြစ်အောင် ကျွန်တော်တို့ ပြင်ဆင် ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကနေ့ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံရဲ့ မီဒီယာစံများဟာ နိုင်ငံတကာရဲ့ မူနဲ့သဘောတရား အတူတူပဲ ဖြစ်တယ်လို့ ကျွန်တော် ပြောကြားလိုပါတယ်။ ဒ့ါအပြင်လည်းပဲ သတင်းမီဒီယာသမားတွေ၊ သတင်းမီဒီယာများရေးသားကြတဲ့အခါမှာ အဲဒီ စာပေစစ်ဆေးရေးမူ(၁၂)ချက် ဘောင်အတွင်းက နေပြီးတော့ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားတို့ ကို ယှဉ်တွဲကျင့်သုံး ပြီးတော့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အပေါ်ပဲဖြစ်ဖြစ်၊ NGO အဖွဲ့အစည်းတစ်ခုခုအပေါ်ပဲ ဖြစ်ဖြစ်၊ ဌာနဆိုင်ရာတစ်ခုခုအပေါ် မှာပဲဖြစ်ဖြစ်၊ အပြုသဘောနဲ့ လွတ်လပ်စွာ ဝေဖန် ရေးသား အကြံပြု ထောက်ပြခွင့်ကို ခွင့်ပြုထားပြီးဖြ စ်ပါတယ်။ အဲဒီလိုခွင့်ပြုထားတဲ့ အတိုင်းလည်း သတင်းမီဒီယာသမားများဟာ ကနေ့ဆောင်ရွက်ကျင့်သုံးလျက်ရှိတာကို တွေ့မြင်နိုင်မှာဖြစ်တယ်လို့ ပြောလိုပါတယ်။ ဒ့ါအပြင် ကနေ့အခါမှာ စာအုပ်၊ စာစောင်အားလုံးကို အု ပ်စု(၂)စုခွဲပြီးတော့ အုပ်စု(၁)ဝင် စာအုပ်စာစောင်များကို ထုတ် /တင်စနစ်နဲ့ ခွင့်ပြုပေးလျက်ရှိပါတယ်။ ထုတ် /တင် စနစ်ဆိုတာက သတ်မှတ်ထားတဲ့ စာပေစစ် ဆေးရေးမူ (၁၂)ချက် ဘောင်အတွင်းကနေ လွတ်လပ်မှုနဲ့ တာ ဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲ ကျင့်သုံးပြီးတော့ မိမိဘာသာ လွတ်လပ်စွာရေးသားထုတ်ဝေပြီးမှ စာပေစိစစ်ကို တင်ပြရတဲ့ မူဖြစ်ပါတယ်။ ဒါ ဟာ နိုင်ငံတကာ ကျင့်သုံးနေတဲ့မူပါပဲ။ အဲဒီ အုပ်စု (၁)မှာ ပါ ဝင်တဲ့ စာအုပ် စာစောင်တွေကတော့ အနုပညာ၊ သု တ၊ ရသ၊ စာပေ၊ အားကစားစာပေ၊ နည်း ပညာစာပေ၊ ကျန်းမာရေးစာပေနဲ့ ကလေးစာပေများ ဖြစ်ပါတယ်။ ကျန်စာအုပ် စာစောင်များကတော့ အုပ်စု (၂)မှာ သတ်မှတ်ထား ပြီးတော့ အုပ်စု (၂)ဝင် စာအုပ်စာစောင်များကတော့ သတ်မှတ်ထားတဲ့ စာပေစိစစ်ရေးမူ (၁၂)ချက် ဘောင်အတွင်း ကနေ လွတ်လပ်မှုနဲ့တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားကို ပူးတွဲကျင့်သုံး ရေးသားပြီးတော့ စာပေစိစစ်ကို တင်ပြရပါ တယ်။ စာပေစိစစ်က ခွင့်ပြုချက် ရမှာသာ ဆက်လက် ထုတ်ဝေခွင့်ရတဲ့ စနစ်ဖြစ်ပါတယ်။ ဒါဟာ လည်းပဲ လတ်တလောကူးပြောင်း စဉ်ကာလမှာ ကျွန်တော်တို့ အသားတကျ ဖြစ်သွား စေဖို့ရာအတွက် ကျင့်သုံးပေးနေတာ ဖြစ်ပါ တယ်။ ဒီလို လွတ်လပ်မှုနဲ့ တာဝန်ယူမှုလွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားကျင့်သုံးမှုတွေ အသားကျ သဟဇာတ ဖြစ်လာတာနဲ့အမျှ အုပ်စု (၁)ဝင် စာအုပ်စာစောင်တွေ ထုတ်/တင်စနစ်ကျင့်သုံးမှု သဟဇာတ ဖြစ်လာတာနဲ့အမျှ အုပ်စု (၂)မှာရှိနေတဲ့ စာအုပ်စာစောင်များကိုလည်း အုပ်စု (၁)ကို တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ဆင့်ပြီးတစ်ဆင့် ဒါသွတ်သွင်းပေးသွားမှာပဲ ဖြစ်ပါတယ်။ နောက်ဆုံးမှာ

စာအုပ် စာစောင်အားလုံးဟာ ထုတ် /တင်စနစ်အားလုံးဖြစ်သွားမှာ ဖြစ်တယ်လို့ ရှင်းပြလိုပါ တယ်။ ဒါဟာ နိုင်ငံတကာရဲ့ ကျွန်တော်တို့ စံပဲ ဖြစ်တယ်လို့ ပြောလိုပါတယ်။ အဲဒီလို ကျွန်တော်တို့ ဒီ ဆောင်ရွက်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က သတင်း မီဒီယာဆိုင်ရာ ဥပဒေတွေ ကို ပြင်ဆင်ဖြည့်စွက် အတည်ပြုပြဋ္ဌာန်းလိုက်တာနဲ့ တပြိုင်နက်တည်း သတင်းမီဒီယာ လောကရဲ့ ပြုပြင်ပြောင်းလဲမှု တွေဟာလည်း အားလုံးပြီးစီးမှုနဲ့ ဟန်ချက်ညီ ဖြစ်ပြီးတော့ အားလုံး သဟဇာတဖြစ်သွားမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလို သတင်းမီဒီယာ ဥပဒေများ ပြဋ္ဌာန်းပြီးတဲ့ အခါမှာ သတင်းမီဒီယာသမားများဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်များ ရရှိကြမှာဖြစ်သလို ပုဂ္ဂလိက သတင်းစာများလည်း ရရှိလာမှာဖြစ် ကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ယာဉ်မတော်တဆမှုများနှင့် ယာဉ်မတော်တဆမှုများကြောင့်လူများထိခိုက်ဒဏ်ရာရ သေဆုံးမှုများ လျော့နည်းကျဆင်းစေရေးအတွက် စနစ်တကျ စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက် နေခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး က မေးမြန်းတဲ့ မေးခွန်းဟာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ် ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဝင်းနောင် က ယာဉ်မတော်တဆမှု များနှင့် ယာဉ်မတော်တဆမှုများကြောင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးမှုများ လျော့နည်း ကျဆင်းစေရေးအတွက် စနစ်တကျ စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက် နေခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော် ဒီနေ့ အများပြည်သူ နဲ့ဆိုင်တဲ့ မေးခွန်းတစ်ရပ်ကို မေးမြန်းတင်ပြမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို မမေးခင် နည်းနည်း စကားပလ္လင်ခံပြီးတော့ တင်ပြချင်ပါတယ်။ အဲဒါကတော့ ကျွန်တော် ဥပမာလေးနဲ့ တင်ပြလို ပါတယ်။ ကျွန်တော်တို့ မင်္ဂလာဒုံဆိုလို့ရှိရင်လည်း အားလုံး ပဲ ဖြတ်သန်းသွားဖူးပါတယ်။ အဲ ဒီတော့ မင်္ဂလာဒုံနဲ့ ထောက်ကြန့် ကြားထဲမှာ ရွှေညောင်ပင် ရှိပါတယ်။ ထောက်ကြန့် မရောက်ခင်ပေါ့လေ။ အဲဒီတုန်းက တော့ အလယ်မှာ လမ်းကို အလယ်မှာပဲ ဦးစားပေးပြီး တော့ ခင်းထားပါတယ်။ ကျန်တဲ့အပိုင်း လေးက နောက်မှဖြည့်ပြီး ခင်းပါတယ်။ အဲဒီတုန်းကတော့ အလယ်မှာပဲ ခင်းထားတဲ့အခါမှာ အလယ် မျဉ်းရဲ့အနားမှာ ချိုင့်ခွက်ကြီး၊ ချိုင့်အပေါက်ကြီးတစ်ခုဖြစ်လာပါတယ်။ ဖြစ်လာတဲ့အတွက် ကြောင့် အဲဒီတုန်းက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအစည်းအဝေးပေါ့။ အဲဒီလမ်းချော အစည်းအဝေးမှာ ကျန်တဲ့သူတွေကလည်း အသီးသီး ကိုယ့်လမ်းမကောင်းရင် မကောင်းတဲ့အကြောင်းလေးတွေ တင်ပြကြတယ်။ အဲဒီက တပ် နယ်မှူးကလည်း အဲဒီနားလေးမှာ အပေါက်ကြီးဖြစ်နေတာ တစ်ဖက်ကလည်း မကောင်းတဲ့အပိုင်းဖြစ်နေတော့ အလယ်ဖက်ကိုပဲ ဆွဲဆွဲပြီးတော့ ရုတ်တရက် ချိုင့်ကြီးတွေ့တော့ ရှောင်လိုက်ရတယ်။ အဲဒီ တစ်ဖက် ယာဉ်နဲ့ဆိုရင် အန္တရာယ်ဖြစ်နိုင်တယ် ဆိုပြီးတော့ ဒါလေး ပြင်ပေးဖို့ဆိုပြီးတော့ တင်ပြပါတယ်။ အဲဒီအခါမှာ အဲဒီတုန်းကတော့ မြို့တော်ဝန် မတက်ပါဘူး။ ကိုယ်စားတက်တဲ့သူက ကျွန်တော်တို့ မြို့တော်စည်ပင်က အများကြီး ဆောင်ရွက်ထားတာရှိတယ်။ အဲဒီ ကောင်းအောင်ဆောင်ရွက်ထားတာတွေကို မကြည့် ဘဲနဲ့ ပျက်တဲ့ဟာတွေကိုပဲ ပြောနေကြတယ်ဆိုပြီးတော့ပြောတယ်။ အဲဒီတော့ ကျွန်တော် တင်ပြချင်တာက ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ တင်ပြချင်တာက ဒီမကောင်းတာ ကိုပဲ ကြည့် ပြီးတော့ ပြောလိုတာမဟုတ်ပါဘူး။ အများပြည်သူအကျိုးရှိ အန္တရာယ်မဖြစ်အောင် ဒီလိုတွေ့တဲ့ကဏ္ဍကနေပြီးတော့ အမြင်စာနေပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ ကျန်တဲ့ကောင်းအောင် ဆောင်ရွက်ထားတဲ့ ဆောင်ရွက်ချက်တွေကို မျက်ကွယ်ပြုပြီးတော့ ပြောလိုတာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့ရဲ့ကဏ္ဍအလိုက် တင်ပြခြင်းဖြစ်ပါတယ်ဆိုတာလေး စကားပလ္လင်ခံ တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြရမယ့် အကြောင်းအရာကတော့ ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရသေဆုံးမှုတွေကို လျော့နည်းကျဆင်းလာစေဖို့ အတွက် ရည်ရွယ်ပြီးတော့ တင်ပြတာဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ အထောက်အထားအနေနဲ့ အချက်အလက်ကို ရုတ်တရက် ရှာဖွေစုဆောင်း တဲ့အခါမှာ Weekly Eleven News ကနေပြီး ဇူလိုင်လ ၁၃ ရက်

နေ့ထုတ်မှာ ပထမ (၆)လ ဇန်နဝါရီလကနေ ဇွန်လအတွင်းထဲမှာ ယာဉ်မတော်တဆမှုပေါင်း (၅၆၈)မှု၊ သေဆုံး (၉၂)ယောက် ဒဏ်ရာရ (၈၅၀) ခုနှစ်အလိုက် ပထမ (၆)လအတွင်း ဖြစ်ပွားတဲ့ စာရင်းတွေကို နှိုင်းယှဉ်တဲ့အခါမှာ ၂၀၀၉ ခုနှစ်မှာ ယာဉ်မတော်တဆမှု (၄၆၉)မှု၊ ၂၀၁၀ ခုနှစ်မှာ (၃၄၈)မှု နည်းနည်းလျော့သွားတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်မှာတော့ (၅၆၈)မှု တက်လာတာကို တွေ့ရပါတယ်။ နောက်ပိုင်း ကျွန်တော် ကတော့ တစ်နိုင်ငံလုံးရဲ့စာရင်းကို နောက်ပိုင်းကျတော့ ရှာဖွေလို့ရရှိပါတယ်။ အထူးသဖြင့် ကမ္ဘာတစ်လွှား လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မဟာဗျူဟာများ ဆောင်းပါးဆိုပြီးတော့ ထက်ခေါင်က ရေးထားတာတွေ့ရပါတယ်။ ၂၀၀၇ ခုနှစ်မှာ ယာဉ်တိုက်မှု (၆၉၃၉)မှု၊ သေဆုံးတာ (၁၆၃၈)ဦး၊ ဒဏ်ရာရ (၁၃၀၆၇)ယောက်၊ ၂၀၀၈ ခုနှစ်မှာ ယာဉ်တိုက်မှု (၇၂၀၄)မှုဆိုတာ တက်လာပါတယ်။ သေဆုံး (၁၈၅၃)ဦးဆိုတော့လည်း တက်လာပါတယ်။ ဒဏ်ရာရ (၁၂၈၀၃)ဦး၊ ဒဏ်ရာရ တော့ နည်းနည်းလျော့နည်းလာတယ်။ ၂၀၀၉ ခုနှစ်မှာကျတော့ ယာဉ်တိုက်မှုပေါင်းဟာ (၈၄၆၁)မှု ပိုတက်လာပါတယ်။ သေဆုံးသူပေါင်း (၂၁၇၃)ဦး ပိုတက်လာပါတယ်။ ဒဏ်ရာရသူ ပေါင်း (၁၄၇၀၀)ဦးဆိုတော့ ပိုပြီးတော့လည်း တက်လာပါတယ်။ အဲဒီအထဲမှာ ဖော်ပြထားတာက ၂၀၀၉ ခုနှစ် ယာဉ်တိုက်မှု အများဆုံးဖြစ်တဲ့ တိုင်းဒေသကြီး တိုင်း/ပြည်နယ်ပေါ့။ မန္တလေးတိုင်းနဲ့ ရန်ကုန်တိုင်းက အဲဒီတုန်းက တူညီလုနီးပါး ပါပဲ။ မန္တလေးတိုင်းက (၁၆၅၅)မှု၊ ရန်ကုန်တိုင်းက (၁၆၄၄)မှု၊ ပဲခူးတိုင်းက (၁၀၇၇)မှု၊ ဒီ တိုင်းဒေသကြီးတွေဟာ အများဆုံးဖြစ်ပွားခဲ့ကြောင်းတွေ့ရှိ ရပါတယ်။ နောက် ပြည်မြန်မာ ဂျာနယ်ပေါ့လေ။ ၁၈-၃-၂၀၁၀ မြန်မာနိုင်ငံမှာ ယာဉ်တိုက်မှု ကြောင့် ဆုံးရှုံးမှုတန်ဖိုးဟာ ကျပ်(၉၄)ဘီလီယံရှိတဲ့အတွက်ကြောင့် GDP ရဲ့ (၃)ရာခိုင်နှုန်း ဆုံးရှုံးခဲ့ကြောင်း ဖော်ပြထားတာ တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်တုန်းကဆို ပိုဆိုးတယ်။ ၂၀၀၈ ခုနှစ်တုန်းကဆိုရင် (၁၅၇.၄၁) ဘီလီယံမျှ ဆုံးရှုံးကြောင်းသိရပါတ ယ်။ အဲဒီစာရင်းဇယားတွေ အရပေါ့လေ။ ဒါသက်ဆိုင်ရာ ဌာနရဲ့စာရင်း ဇယားနဲ့ကွဲလွဲမှုရှိကောင်းရှိနိုင်ပါတယ်။ ကျွန်တော်လည်း ကိုယ့်လက်လှမ်းမှီ သလောက် ရတဲ့အချက်အလက်လေးတွေ တင်ပြပါတယ်။ ရည်ရွယ်ချက်ကတော့ လူတွေ သေဆုံး ဒဏ်ရာရဖြစ်ပွား မှုနည်းပါးလာအောင် ယာဉ်မတော်တဆ မှုများ လျော့နည်းကျဆင်းရေး မဖြစ်မနေ ဆောင်ရွက်သွားနိုင်ရန်အတွက် ဖြစ်ပါတယ်။ ဒီ ယာဉ်မတော်တဆမှုတွေ လျော့နည်းရေးနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီး ဌာနက သိပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ မျှဝေရလို့ရှိရင် ၂၀၀၄ ခုနှစ် World Health Day မှာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော် တချို့အင်္ဂလိပ်အသုံးအနှုန်း လေးတွေကို သုံးနှုန်းခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ Road Safety is No Accident ဆိုတဲ့ဆောင်ပုဒ်ကို ချမှတ်ပြီးတော့ အဖွဲ့ဝင်နိုင်ငံတိုင်းမှာ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ဖို့ တိုက်တွန်းခဲ့တာကိုလည်း တွေ့ရပြီးတော့ မြန်မာနိုင်ငံရဲ့ ၂၀၀၉ ခုနှစ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ Health in Myanmar မှာ မြန်မာနိုင်ငံသားတွေ ထိခိုက်ဒဏ်ရာရခြင်းမှာ ယာဉ်တိုက်မှုကြောင့် ဖြစ်ပွားရခြင်း နံပါတ် (၁)နေရာမှာရှိကြောင်း ဖော်ပြခဲ့တာကို တွေ့ရှိခဲ့ရ ပါတယ်။ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉၊ ၂၀ ရက်နေ့တွင် ရုရှားသမ္မတနိုင်ငံ မော်စကိုမြို့မှာ ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ဝန်ကြီးအဆင့်အစည်းအဝေး First Global Ministerial Conference On Road Safety ကို ကျင်းပခဲ့ရာ ကျွန်တော်တို့ မြန်မာ နိုင်ငံကလည်း ဝန်ကြီးအဆင့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရပါတယ်။ အဲဒီ အစည်းအဝေးကြီးကနေပြီးတော့ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ မော်စကို ကြေညာ စာတမ်း (Moscow Declaration) ကို ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရှိရပါတယ်။

အဲဒီကြေညာစာတမ်းအရ ကမ္ဘာတစ်ဝှမ်းမှာ ယာဉ်တို က်ခိုက်မှုကြောင့် တစ်နှစ် မှာ လူ(၁.၂)သန်းကျော် သေဆုံး နေပြီးတော့ လူသန်းပေါင်း (၅၀)ကျော် ဒဏ်ရာ ရရှိခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းတို့ ဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် လူများသေဆုံးဒဏ်ရာရရှိမှု အများဆုံး ဖြစ်နေတဲ့ ကျန်းမာရေးပြဿနာကြီးတစ်ရပ်၊ အရေးကြီးသောကိစ္စရပ်ကြီး တစ်ခုဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ထက် ခေါင်ရေးတဲ့ ကမ္ဘာ့အကြီးဆုံး လူသတ်သမားကို ရှာဖွေတွေ့ရှိခြင်းဆိုပြီး သူကလည်း ရေးပါတယ်။ လူသန်းပေါင်း (၅၀)ကျော်ဆိုတာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ လူဦးရေ နီးပါးလောက်ရှိတယ်။ ဒါ တစ်နှစ် တစ်နှစ် ဒဏ်ရာရနေတာ သေတာကလည်း မြို့ကြီး တစ်မြို့စာလောက် သေနေတာ (၁.၂) သန်း။ အဲဒီစာတမ်း မှာ အထူးသဖြင့် ဝင်ငွေနည်း တဲ့ နိုင်ငံ နှင့် အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံများမှာ ရာခိုင်နှုန်း (၉၀) အထက် ဖြစ်ပွားလျက်ရှိကြောင်း နှင့် ၎င်းတိုင်းပြည်များတွင် အန္တရာယ်မကင်းသော လူထုပို့ဆောင်ရေးစနစ်အတွင်းရှိ ခရီးသည် များ၊ လ မ်းသွားလမ်းလာများ၊ စက်ဘီး၊ ဆိုင်ကယ်သမားများတို့ဟာ အကာအကွယ်မဲ့ သေဆုံးနေရကြောင်းကို လေ့လာတွေ့ရှိရကြောင်း ဖော်ပြထားပြီးတော့ ယာ ဉ်မတော်တဆမှု ဖြစ်ရသည့် အကြောင်းအရင်းများအနက် အရှိန်မြင့်မားစွာ မောင်းနှင်ခြင်း၊ အရက်သေစာ သောက်စား မောင်းနှင်ခြင်း၊ ထိုင် ခုံခါးပတ်များ၊ ကလေးထိုင်ခုံများ နှင့် ဆိုင်ကယ်စီးဦးထုပ်စတဲ့

အကာအကွယ်ပစ္စည်းများကို သင့်တော်မှန်ကန်စွာ အသုံးမပြုကြ ခြင်း အားနည်းချက်များရှိပြီး လုံခြုံစိတ်ချမှုမရှိတဲ့ လူထုပို့ဆောင်ရေးယာဉ်များနှင့် စနစ်များ၊ လမ်းပိုင်းဆိုင်ရာချို့ယွင်းချက်များ စသည့် အချက်များအပြင် ယာ ဉ်စည်းကမ်းနှင့် လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်မှုဆိုင်ရာ ဥပဒေပြုခြင်းကိစ္စများ၌ တွန်းအားပေးဆောင်ရွက်မှုအားနည်းခြင်း တို့ကြောင့် ဖြစ်ပွားနေခြင်း ဖြစ်ကြောင်း ဆန်းစစ်တင်ပြထားသည်ကို တွေ့ရပါတယ်။ အဲဒီမှာလည်း ကလေးထိုင်ခုံဆိုတာ လေး ပါပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ဒါကို အသုံးပြု တာနည်းနေပါတယ်။ တခြားနိုင်ငံနဲ့ သိတဲ့သူတွေက သုံးကြပါတယ်။ ကလေးကို ပုခက်လို သေချာလုံလုံခြုံခြုံ ထုပ်ပိုးပြီးတော့မှ ဒီယာဉ်ပေါ်မှာ တပ်ဆင် ထားခြင်းဖြင့် ကလေးတွေ အန္တရာယ် ကင်းပါတယ်။ ဒါကို တပ်ဆင် သုံးစွဲခြင်းမရှိတဲ့အတွက်ကြောင့် မတော်တဆ ယာဉ်တိုက်ခိုက်မှု ဖြစ်တဲ့အခါ မိခင်ကဖြစ်စေ ကိုင်တွယ်ထားတဲ့သူက လွတ်ထွက် ပြီးတော့မှ ကလေးတွေ ဆုံးပါးရတဲ့ ဖြစ်စဉ်တွေ မကြာခဏ တွေ့ရှိရပါတယ်။ ဒါတွေလည်း အသုံး ပြုဖို့ တပေါင်းတည်း တင်ပြလို ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော် တော်များများမှာ NRSC လို့ခေါ်တဲ့ (National Road Safety Council) ခေါ် အမျိုးသားလမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်းပြီးတော့ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးကို တာဝန်ယူဆောင်ရွက်နေကြောင်း သိရှိ ရပါတယ်။ ဒါကလည်း ကျွန်တော် သိ ရသလောက် ၂၀၀၄ လောက်ကစပြီးတော့ ADB အာရှဖွံ့ဖြိုးရေးဘဏ်ပေါ့လေ။ ဒါအကူအညီနဲ့ GRSP (Global Road Safety Partnership) က ကျွမ်းကျင်တဲ့ပညာရှင်တွေလာပြီးတော့ အကြံပြုချက်တွေ ပေးသွားတဲ့အခါမှာ ဒီ NRSC ဖွဲ့စည်းဆောင်ရွက်ဖို့ကို အကြံပြုသွားကြောင်း လည်း ကျွန်တော်ကြား သိရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အဲဒီ NRSC ကဲ့သို့ အဖွဲ့ကြီး နှင့် ၎င်း၏အောက် တွင် ကော်မတီ၊ ဆပ်ကော်မတီများနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကော်မတီများ ပြည့်စုံစွာဖွဲ့စည်းဆောင်ရွက်နေခြင်း ရှိ /မရှိ သိရှိလိုပါကြောင်း ပထမအချက်အနေ နဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းအန္တရာယ် ကင်းရှင်းရေးဟာ နိုင်ငံတစ်ခု၏ ခိုင်မာသော တိုးတက်မှုနှင့် ဆက်စပ်လျက်ရှိကြောင်းလည်း သိရပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံအများအပြား ဟာ လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်ကာလကပင် လမ်းအန္တရာယ်ကြောင့် သေဆုံးဒဏ်ရာရမှုများ လျော့နည်းကျဆင်းရေးအတွက် ခိုင်မာတဲ့ အချက်အလက်များကို အခြေခံ၍ ကာကွယ်တားဆီးရေး အစီအမံကောင်းစွာ ရေးဆွဲချမှတ် ဆောင်ရွက်ခဲ့ကြတဲ့အတွက်ကြောင့် ယာဉ်မတော်တဆမှု

ဖြစ်ပွားခြင်းနှင့် သေဆုံးဒဏ်ရာရမှု ဖြစ်ပွားနှုန်းကို ထိရောက်စွာ လျှော့ချနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

၂၀၀၉ ခုနှစ်၊ မော်စကိုကြေညာစာတမ်းမှာ ၂၀၁၁ ခုနှစ်ကနေပြီးတော့ ၂၀၂၀ ခုနှစ်အထိ (၁၀)စုနှစ် တစ်စုကို လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ရှားတက်ကြွသော (၁၀)စုနှစ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကြေညာပေးပါရန်ဆိုပြီး တိုက်တွန်းထားကြောင်း တွေ့ ရှိရပါတယ်။ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်နေ့မှာ ပြီးစီးခဲ့တဲ့နောက် ပထမအကြိမ်လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဝန်ကြီး အဆင့်အစည်းအဝေး ပြီးဆုံး ပြီးနောက် (၅)နှစ်အကြာတွင် အဲဒီကိစ္စနှင့် ပတ်သက်ပြီးတော့ တိုးတက်မှုအခြေအနေအရပ်ရပ်ကိုပြန်လည်တိုင်းတာသုံးသပ်သွားမယ်လို့ ဆုံးဖြတ်ချက်ချမှတ်ထားကြောင်းလည်း သိရပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှာ (၅)နှစ်ပြည့်မြောက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ တော်မှာ ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်ပွားမှုများနှင့် လူထိခိုက် ဒဏ်ရာရသေဆုံးမှုများ တစ်နှစ်ထက် တစ်နှစ် လျှော့နည်းကျဆင်းလာအောင် ပြည်ထောင်စု အစိုးရအနေနဲ့လည်း ဆောင်ရွက်နေမယ်ဆိုတာ ယုံကြည်ပ ါတယ်။ ယာဉ်မတော်တဆမှုနှင့် လူများ ထိခိုက်ဒဏ်ရာရ သေဆုံး မှုနှုန်း လျှော့နည်းကျဆင်းရေးဟာ မဖြစ်မနေ ဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် ယာဉ်တိုက်ခိုက်မှု အများဆုံးဖြစ်ပွားနေတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ အမျိုးသားရေးလှုပ်ရှားမှုလို့ပဲခေါ်ခေါ်၊ လှုပ်ရှားတက်ကြွတဲ့ အမျိုးသားရေး လှုပ်ရှားမှုလို့ပဲခေါ်ခေါ်၊ လူထုလှုပ်ရှားမှုခေါ်ခေါ်ပေါ့လေ။ စနစ်တကျ စီမံချက်ချပြီးတော့ အသိပညာပေးနှိုးဆော်၊ ကွပ်ကဲကြပ်မတ်ထိရောက်စွာ ဆောင်ရွက်ခြင်းနဲ့ စီမံချက်များ စနစ်တကျ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ၂၀၁၂ ခုနှစ်လောက်မှာ ဖြစ်ပွားနှုန်းလေးတွေ ရပ်တန့်ပြီးတော့ ၂၀၁၃ ခုနှစ်မှာ စတင်လျှော့ကျပြီးတော့ ၂၀၁၄ ခုနှစ်လောက်မှာ သိသာစွာ လျှော့နည်းကျဆင်းအောင် စတင်ပြီး တော့ စီမံချက်ချ ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၇။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန )။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင်ရဲ့ မေးမြန်းတဲ့မေးခွန်းအပေါ် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရဲ့ တည်ဆဲဥပဒေဖြစ်တဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉ မှာ လူ့အသက်အန္တရာယ်ကိုဖြစ်စေ သို့မဟုတ် သူတပါးကို နာကျင်စေရန် သို့မဟုတ် နစ်နာစေရန် အများပြည်သူဆိုင်ရာ လမ်းမပေါ်မှာ ယာဉ်ကို အရမ်းဖြစ်စေ၊ ပေါ့ လျော့စွာဖြစ်စေ မောင်းနှင်ခြင်း သို့မဟုတ် စီးနင်းခြင်းပြုလုပ်ပါက ဒီပုဒ်မအရ ပြစ်ဒဏ်ထိုက်ကြောင်း ပြဋ္ဌာန်းထားပါတယ်။အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်းကြောင့် လူတစ်ဦးတစ်ယောက်ကို ထိခိုက် နစ်နာစေတဲ့ နာကျင်မှု အမျိုးအစားကိုလိုက်ပြီး သာမန် ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလို့ရှိရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇၊ အပြင်းအထန်နာကျင် စေမှု ဖြစ်ပေါ်လို့ရှိရင် ပုဒ်မ ၃၃၈ နဲ့ လူကို သေ စေလို့ရှိရင် ပုဒ်မ ၃၀၄(က)တို့နဲ့ပူးတွဲပြီး အရေးယူဆောင်ရွက်ရပါတယ်။ အရမ်း သို့မဟုတ် ပေါ့လျော့စွာမောင်းနှင်ခြင်းကြောင့် မောင်းနှင်သူ တွင်သာ ထိခိုက်မှုဖြစ်ပေါ်လို့ ရှိရင် လည်း ပုဒ်မ ၂၇၉ နဲ့ အရေးယူတရားစွဲဆိုနိုင်ပါတယ်။ အဲဒီလို ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာမောင်းနှင်တဲ့အတွက်ကြောင့် လူကို ထိခိုက်ခြင်းမရှိပေမယ့် ယာဉ်တိုက်မှုမဖြစ်ပွားစေဖို့ ကြိုတင်ဟန့်တားကာကွယ်တဲ့သဘောနဲ့ ပုဒ်မ ၂၇၉ အရ အရေးယူတရားစွဲ ဖို့လည်း ပြဋ္ဌာန်းထား ပါတယ်။ လေ့လာ ဆန်းစစ်ချက်များအရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနဲ့ ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်တိုက်မှု အန္တရာယ်ဟာ (၂၁)ရာစု ကမ္ဘာ့မြို့တော်ကြီးများရဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်းခေတ်မီနည်းစနစ်များနဲ့ ထိန်းချုပ်ပေမယ့်လည်း

ယာဉ်အန္တရာယ်လုံးဝပပျောက်မသွားခြင်း၊ မြို့ပြကျယ်ဝန်း လာခြင်း၊ လူဦးရေတိုး လာခြင်း၊ ခေတ်မီဖွံ့ဖြိုးလာခြင်းနဲ့ ပို၍စည်ကားလာခြင်းတို့ကြောင့် ယာဉ်အရေအတွက်နဲ့သွားလာမှု ပိုများလာလို့ အန္တရာယ်ရှိလာ ကြောင်းလည်း တွေ့ရှိရပါတယ်။ စာရင်းဇယားများအရ ၂၀၀၀ ပြည့်နှစ်က မြန်မာနိုင်ငံမှာ လူဦးရေသန်း (၅၀) ယာဉ်အစီးရေဟာ (၄၃၆၂၇၉) စီးသာရှိနေရာက နေပြီးတော့ ၂၀၁၀ ခုနှစ်မှာလူဦးရေသန်း(၆၀)နဲ့ ယာဉ်အစီးရေပေါင်း (၂၃၂၆၆၃၉)စီးအထိ မြင့်တက်လာတာကို တွေ့ရှိ ရမှာဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၁၀ ခုနှစ် လူသေဆုံးမှုကို နှိုင်းယှဉ်ပါက ၂၀၀၀ ပြည့်နှစ်မှာ လူတစ်သိန်းမှာ သေဆုံးမှု (၂.၃၅)ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်အတွင်းမှာ လူတစ်သိန်းမှာ သေဆုံးမှု (၄.၁၀)ရာခိုင်နှုန်းရှိတဲ့အတွက် (၁.၇၅)ရာခိုင်နှုန်း မြင့်တက်လာတာကို တွေ့ရှိရမှာဖြစ် ပါတယ်။ ယာဉ်မတော်တဆ မှုဖြစ်ပွားနှုန်းကို ကြည့်မယ်ဆိုရင် ၂၀၀၀ ပြည့်နှစ်မှာ (၁.၁၃) ရာခိုင်နှုန်း ဖြစ်ပွားခဲ့ပြီး ၂၀၁၀ ခုနှစ်မှာ (၀.၃၉)ရာခိုင်နှုန်းဖြစ်ပွားခဲ့လို့ (၀.၇၄)ရာခိုင်နှုန်း ကျဆင်းသွားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ယာဉ်အစီးရေ (၁၀၀၀၀)မှာ လူသေဆုံးနှုန်းကို ကြည့်မယ်ဆိုရင် ၂၀၀၀ ပြည့်နှစ်မှာ (၂၆.၉၇)နှုန်း သေဆုံးခဲ့ပြီး ၂၀၁၀ ခုနှစ်မှာ (၁၀.၅၇)နှုန်း သေဆုံးခဲ့တဲ့အတွက် (၁၆.၄)ရာခိုင်နှုန်းကျဆင်းသွားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှု၊ ဒဏ်ရာရမှုနဲ့ သေဆုံးမှုစာရင်းကို ၂၀၁၀ ခုနှစ်အတွင်းမှာ လေ့လာလို့ရှိရင် ယာဉ်မတော်တဆမှုများ ဟာ ရန်ကုန်တိုင်းဒေသကြီးမှာ (၁၆၇၈)မှု၊ မန္တလေးတိုင်းဒေသကြီးမှာ (၁၇၆၉)မှု၊ ပဲခူးတိုင်းဒေသကြီးမှာ (၁၁၃၈)မှု နဲ့ စစ်ကိုင်းတိုင်း ဒေသကြီးမှာ (၇၉၈)မှုတို့နဲ့ အများဆုံးဖြစ်ပွားခဲ့ပြီး ဒီလိုဖြစ်ပွားရခြင်းဟာလည်း လူဦးရေများပြားခြင်းနဲ့ ယာဉ်စီးရေများပြားခြင်းတို့ကြောင့် ဖြစ်ပွားခဲ့တာကို တွေ့ရှိရမှာ ဖြစ် ပါတယ်။ လူဦးရေနဲ့ ယာဉ်စီးနှုန်းနည်းပါးတဲ့ က ယားပြည်နယ်မှာ (၃၃)မှုနဲ့ ချင်းပြည်နယ်မှာ (၄၂)မှု ဖြစ်ပွားခဲ့တာကိုလည်း တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ (၃)နှစ်တာကာလအတွင်း ယာဉ်မတော်တဆမှု ဖြစ်ပွားရတဲ့ အကြောင်းအရင်းများနဲ့ ယာဉ်မတော်တဆဖြစ်ပွားမှုများကို ဆန်းစစ်ကြည့်ရာမှာ ယာဉ်မောင်းသူတွေရဲ့ မဆင်မခြင် မောင်းနှင်မှုကြောင့် အများဆုံးဖြစ်တာကိုတွေ့ရပြီး အရှိန်ပြင်းမောင်းနှင်တာက ဒုတိယအများ ဆုံးဖြစ်နေတာကိုလည်း တွေ့ရှိ ရပါတယ်။ စက်ကိရိယာချို့ယွင်းချက်ကြောင့် မတော်တဆဖြစ်စဉ်ကတော့ အထိုက်အလျောက်တွေ့ရှိရပေမယ့် ရာသီဥတုကြောင့်ဖြစ်ပွားခြင်းနဲ့ လမ်းမကောင်းခြင်းတို့ကြောင့် မတော်တဆဖြစ်ပွားခြင်းများဟာ နည်းပါးစွာဖြစ်ပေါ်ခဲ့ကြောင်းလည်း တွေ့ရပါတယ်။

ယဉ်တိုက်မှုမဖြစ်ပွားစေဖို့ ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်တာကိုလည်း ကျွန်တော်တို့ သုံးသပ်တွေ့ရှိရ ပါတယ်။ သုံးသပ်တွေ့ရှိချက်များအရ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းတွေအတွက် ကြိုတင်ကာကွယ်တားဆီးမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဌာနတစ်ခု တည်း၊ အဖွဲ့အစည်းတစ်ခုတည်းက အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ အကန့်အသတ်များရှိတဲ့အတွက်ကြောင့် ကဏ္ဍစုံနဲ့ ကဏ္ဍစုံက အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ယာဉ်အန္တရာယ်နဲ့ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက်ကို ဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းခဲ့သလို ခရိုင်နှင့် မြို့နယ်အဆင့်မှာလည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့ စည်းပြီး ဆောင်ရွက်လျက် ရှိနေပါ တယ်။ အဲဒီအဖွဲ့အစည်းများဟာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းနည်းစနစ်များမှာ ပါဝင်တဲ့ ပညာပေးရေးနည်းစနစ်၊ အင်ဂျင်နီယာနည်းစနစ်၊ ကြ ပ်မတ်ကွပ်ကဲစစ်ဆေးအရေးယူခြင်းဆိုင်ရာ နည်းစနစ်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကြပ်မတ်ကွပ်ကဲစစ်ဆေး အရေးယူဆောင်ရွက်ခဲ့ရာမှာ ယာဉ်စည်းကမ်းနဲ့ လမ်းစည်းကမ်း တိုးတက်ကောင်းမွန်စေဖို့ ၂၀၁၀ ခုနှစ်အတွင်းမှာ မော်တော်ယာဉ် (၅၉၈၄၉၀)စီး၊ မော်တော်ဆိုင်ကယ်(၁၄၅၃၁၁)စီးနဲ့ အနှေးယာဉ် (၂၁၇၉)စီးတို့ကိုလည်း အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ အသိပညာပေးရေးစနစ်မှာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ ယာဉ်မတော်တဆမှုတွေ လျော့နည်းကျဆင်းစေဖို့အတွက်ကို ယာဉ်စည်းကမ်းနဲ့ လမ်းစည်းကမ်းတွေကို ကျောင်းသင်ခန်းစာများမှာ ထည့်သွင်းသင်ကြားပေးဖို့ “စည်းကမ်းလိုက်နာ ဘေးကင်းကွာ ” ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကျောင်းသုံးစာအုပ်တွေ ပြုစုထုတ်ဝေပြီး အခြေခံပညာဦးစီးဌာနနဲ့ ပူးပေါင်းကာ တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄)ခုမှာရှိတဲ့ အခြေခံပညာကျောင်းများကို ဆရာကိုင် (၁၁၂၇၆)အုပ်နဲ့ ကျောင်းသားကို င်(၁၀၂၄၃၄)အုပ် ဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ အလုပ်ရုံဆွေး နွေးပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနဲ့ အသိပညာပေးပြပွဲပြိုင်ပွဲတွေကို နေပြည်တော်နှင့် တိုင်းဒေသကြီး ၊ ပြည်နယ် များမှာ ပြုလုပ်ခဲ့ပါတယ်။ ရေဒီယို FM၊ မြန်မာ့ရုပ်မြင်သံကြားနဲ့ နေ့စဉ်ထုတ်သတင်းစာတွေ၊ ဂျာနယ်တွေမှာ ယာဉ်စည်းကမ်းနဲ့ လမ်းစည်းကမ်းအသိပညာပေး ကြေညာချက်တွေကို

ဖော်ပြပေးခဲ့ပြီး ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အသိပညာပေးမှုဆိုင်ရာ ဟောပြောချက် တွေကို တိုင်းဒေသကြီးများနဲ့ ပြည်နယ် တွေမှာ ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့သည် ကျောင်းသားများ၊ ဝန်ထမ်း များ၊ ပြည်သူများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနဲ့ အနေ့းယာဉ်လုပ်သား စုစုပေါင်း (၂၀၀၈၃၆)ဦးကို (၁၁၅၃)ကြိမ် ဟောပြောမှုများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အင်ဂျင်နီယာ နည်းစနစ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုမှာ မော်တော်ယာဉ်လိုင်းများနဲ့ ပတ်သက်လို့ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများနဲ့ပူးပေါင်းပြီး ဂိတ်အစမှ မထွက်ခွာမီ ယာဉ်အခြေအနေနှင့် စက်အခြေအနေတို့ကို စစ်ဆေးခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို စစ်ဆေး မှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ခရီးသွားပြည်သူတွေ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ် စေနိုင်တဲ့ သတ်မှတ်မိုင်နှုန်းထက် အရှိန်ပိုမို မောင်းနှင်တဲ့ ယာဉ်မောင်းတွေကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်တွေကို စစ်ဆေးတာနဲ့ ပတ်သက်လို့ လုပ်ထုံး လုပ်နည်းအတိုင်း နှစ်စဉ်စစ်ဆေး ပြီး လိုအပ်ချက်အရ စစ်ဆေးခြင်းများကိုလည်း ပြုလုပ် လျက်ရှိ ပါတယ်။ ယာဉ်များကို စစ်ဆေးရာမှာ နှစ် စဉ်စစ်ဆေးမှုလိုင်စင် လဲလှယ်စဉ် ကာလ စစ်ဆေးမှုနဲ့ ခရီးသည်ယာဉ်လိုင်း မထွက်ခွာမီ စစ်ဆေးခြင်းများ ကိုလည်း ပုံမှန်ပြုလုပ်ဆောင်ရွက် လျက်ရှိ ပါတယ်။ အဲဒီလို မြန်မာနိုင်ငံမှာ အသိပညာပေးခြင်း၊ အင်ဂျင်နီယာနည်းစနစ်နဲ့ စစ်ဆေး အရေးယူခြင်းတွေကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကနေ ၂၀၂ရက်နေ့အထိ ပထမအကြိမ် တစ်ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးဝန်ကြီးအဆင့် အစည်းအဝေးက ထုတ်ပြန်လိုက်တဲ့ မော်စကိုကြေညာစာတမ်းမှာပါတဲ့ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိမှု ကာကွယ်တားဆီးရေး အစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည် ဖော်မှုကို တွန်းအား ပေးဆောင်ရွက်ရန် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် သို့မဟုတ် ဒေသခွဲအဆင့်တွင် ဦးစီးဆောင်ရွက်မည့်အဖွဲ့ အစည်းများနဲ့ ၎င်းတို့နဲ့ ဆက် စပ် ပူးပေါင်းမည့် အဖွဲ့အစည်းများသတ်မှတ်ခြင်း သို့မဟုတ် တွန်းအားပေးခြင်းများတွင် အစိုးရအဖွဲ့ များရဲ့ ခေါင်းဆောင် မှုနှင့် လမ်းညွှန်မှုများဖြင့် ဖိအားပေးဆောင်ရွက်ရန် လုံခြုံစိတ်ချရသော စနစ်များ သုံးစွဲခြင်းဟူသည့် မူဘောင်အတွင်း ရည်မှန်းချက်များအောင်မြင်စေရန် ဖြစ်နိုင်သော ထိရောက် မှုရှိသည့် ကြာရှည်ခံသော အကောင် အထည်ဖော်ရန်အတွက် လိုအပ်သော အရင်းအမြစ်များရရှိရေး ဆော်ဩစည်းရုံးခြင်း အစီအစဉ် တကျ ရေးဆွဲဆောင်ရွက်ထားသော

ရင်းနှီးမြှုပ်နှံမှုများနဲ့ မူဝ ါဒရေးရာ ဦးဆောင်မှုများအဖြစ် ဆက်စပ်လျက်ရှိသည့် နိုင်ငံအလိုက် ယာဉ်တိုက်မှုကြောင့် သေဆုံးနှုန်းလျော့ချခြင်း၊ ရည်မှန်းချက် များချမှတ်ဆောင်ရွက်ရန် လမ်းသွားလမ်းလာများ ဆိုင်ကယ်စီးသူများ အန္တရာယ်မကင်းသော လူထုပို့ဆောင်ရေးစနစ်ကို အသုံးပြုနေ ရသူများ ကလေးများ၊ သက် ကြီးရွ ယ်အိုများနှင့် မသန်မစွမ်း သူများကဲ့သို့ အကာအကွယ်မဲ့ လမ်းအသုံးပြုသူများ အပါအဝင် အားလုံးသောသူတို့အား ကာကွယ်နိုင်မယ့် မူဝါဒပိုင်းဆိုင်ရာနဲ့ အခြေခံအဆောက်အဦကိစ္စ များကို အကောင်အထည်ဖော်ရေး နဲ့ တိုးတက်မှု ရှိစေရေး ကြိုပမ်းဆောင်ရွက်ရန် အပြန်အလှန် အကျိုးသက်ရောက်မှုရှိ သော ပို့ဆောင်ရေး နည်းလမ်းများကို အားပေးခြင်းနဲ့ အစီအစဉ် ရေးဆွဲခြင်း၊ ယာဉ်အသုံးပြုမှု ပဏာမခြေလှမ်း စတင်ခြင်းတို့ ပါဝင်တဲ့ ပိုမိုအန္တရာယ်ကင်း ပြီး တာရှည် ခံသော ပို့ဆောင်ရေးလုပ်ငန်း အကောင်အထည်ဖော်မှုကို စတင်ရန် ကုလသမဂ္ဂမှ အခါအားလျော်စွာ ထုတ်ပြန်သော ဆုံးဖြတ်ချက်များ၊ ပြဋ္ဌာန်းချက်များနဲ့ ကုလသမဂ္ဂလမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့မှ အမှတ်စဉ်အတိုင်း ထုတ်ပြန်သော လက်စွဲများပါအချက်များကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လမ်းအန္တရာယ်ကင်းရှင်းခြင်း၊ ယာဉ်များလုံခြုံစိတ်ချ ရမှုရှိခြင်းနှင့် အလေ့အကျင့်ကောင်းများ ကျင့်သုံးခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန် သင့်တော် သော အပြည်ပြည်ဆိုင်ရာ စံနှု န်းများကိုအသုံးပြု၍ ယာဉ်နှင့် ယာဉ်မောင်းများအား မှတ်ပုံတင် ပေးခြင်းစနစ်များ၊ တည်ဆဲဥပဒေများပြုပြင်ခြင်းနဲ့ လိုအပ်သောနေရာများတွင် ဥပဒေပြုပေးခြင်း ကိစ္စများကို ဂရုပြု တွန်းအားပေးမှုများ ပိုမိုတောင့်တင်းခိုင်မာလာစေရန်၊ ယာဉ်အုပ်စုများအား စီမံခန့်ခွဲရာတွင် အလေ့အကျင့်ကောင်းများကို ကျင့်သုံးစေခြင်းဖြင့် လုပ်ငန်းနှင့်ဆက်စပ်နေသော လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စရပ်များ တိုးတက်မှုရှိလာစေရန်အတွက် သက်ဆိုင်ရာအဖွဲ့ အစည်းများမှ အားတက်သရော ကူညီထောက်ပံ့ကြစေရေး တွန်းအားပေးဆောင်ရွက်ရန် သက်ဆိုင်ရာလူထု အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနဲ့ပတ်သက်တဲ့ အဖွဲ့ အစည်းများနဲ့ ပြည်သူပိုင်၊ ပုဂ္ဂ လိကပိုင်စီးပွားရေးကဏ္ဍများအကြား ပေါင်းစပ်ဆောင်ရွက်မှုကို မြှင့်တင် ပေးခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်မှုကို တွန်းအားပေးရန် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု လွယ်ကူချောမောစေရေးအတွက် စိတ်ချယုံကြည်ရပြီး ညီညွတ်မှုရှိသော အချက်အ လက် စုဆောင်းရေးစနစ်များ တိုးတက်လာ စေရေးနဲ့ ယာဉ်မတော်တဆဖြစ်မှုကြောင့် ချက်ချင်း သို့မဟုတ် ရက် (၃၀)အတွင်း သေဆုံးမှု၊ ဒဏ်ရာရရှိမှု များအတွက် တူညီ သောအဓိပ္ပါယ်

သတ်မှတ်ချက်စံနှုန်းများ ကျင့်သုံးခြင်းဖြင့် နိုင်ငံတော် အဆင့်သာမက နိုင်ငံတကာအဆင့်ပါ အချက်အလက်များ စု ဆောင်းခြင်းစနစ်များ တိုးတက်လာစေရန် ကောင်းမွန်သင့်တော်သော ဥပဒေပြဋ္ဌာန်းခြင်း၊ လူ့စွမ်းရည်တိုးတက်မှုရှိစေခြင်းနှင့် လိုအပ်နေသူများကို အချိန်မီ ထိရောက်မှုရှိသော ကျန်းမာရေးစောင့်ရှောက် ခံရမှုများ တိုးတက်ရရှိစေခြင်းဖြင့် လူမှုရေးဆိုင်ရာပြန်လည် ပေါင်းစည်းမှုများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနဲ့ စိတ်ဒဏ်ရာကုသပေးခြင်းလုပ်ငန်းများ ပိုမိုတောင့်တင်းခိုင်မာလာစေရန်ဆိုတဲ့ ဆုံးဖြတ်ချက် (၁၁)ချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။ ယာဉ်မတော်တဆ ဖြစ်မှုကြောင့် လူထိခိုက် ဒဏ်ရာရရှိမှုနဲ့ သေဆုံးမှုတွေလျော့နည်းစေဖို့အတွက် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းနည်းစနစ်များမှ ပညာပေးရေးနည်းစနစ်၊ အင်ဂျင်နီယာ နည်းစနစ်နှင့် ကြပ်မတ်ကွပ်ကဲ စစ်ဆေး အရေးယူ ဆောင်ရွက်ခြင်းနည်းစနစ်များကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် မော်စကို ကြေညာစာတမ်းမှာပါတဲ့ ဆုံးဖြတ်ချက် (၁၁)ချက်ကိုလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ တိုင်းဒေသကြီး/ ပြည်နယ်ခရိုင်နဲ့ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်နဲ့အတူ ဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ ယာဉ်ပိုင်ရှင် လုပ်ငန်းရှင်များအပါအဝင် လမ်းအသုံးပြုသူနဲ့ ယာဉ်အသုံးပြုသူ ပြည်သူလူထုတစ်ရပ်လုံး က ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲ့ ဖြေကြားချက်ပြည့်စုံပါတယ်။ ဦးဝင်းနောင် ရဲ့မေးခွန်းကလည်း ဒါမေးသင့်မေးထိုက်တဲ့ မေးခွန်းပါပဲ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့ မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ သိပ်များတယ်။ ယာဉ်အန္တရာယ်နဲ့ ပတ်သက်လို့ရှိရင် ပထမဦးဆုံးကတော့ အရှိန်ပါပဲ။ Speed ပေါ့။ ယာဉ်တစ်စီးက Tierod ပဲ ပြုတ်နေပါစေ။ ရပ်ထားလို့ရှိရင် ဘာမှမဖြစ်ပါဘူး။ ဘီးစလိမ့်ပြီဆိုတဲ့ အချိန်မှာဆိုရင် ဒီယာဉ်ဟာ အန္တရာယ်တောထဲကို ထွက်တဲ့သဘောရှိပါတယ်။ ယာဉ်တွေဘယ်လောက်ပဲကောင်းသည်ဖြစ်စေ၊ ဘယ်လောက်ပဲ ညံ့သည်ဖြစ်စေ ဘီးစလှိမ့်ရင် အရှိန်နဲ့ပတ်သက်လို့ ကျွန်တော်တို့က ဒါထိန်းရမယ့် သဘောက အရေးကြီးပါတယ်။ ဒီနေရာမှာ နောက်တစ်ခုကတော့ လူ နဲ့ ယာဉ်ပေါ့။ လူဟာ ကျွမ်းကျင်မှု ပြည့်စုံဖို့ ဆင်ခြင်တုံတရား ပြည့်စုံဖို့လည်း လိုပါတယ်။ ယာဉ်တစ်စီးက ဒါ

လူကိုသေစေနိုင်တဲ့ လက်နက်သဖွယ်ဖြစ်တဲ့အတွက် ယာဉ်မောင်းလိုင်စင်ထုတ် ပေးတဲ့အခါ မှာလည်း Psycho Test တွေပါ လုပ်ပေးဖို့လိုပါတယ်။ မိမိကိုယ်မိမိ ကိုယ်ပိုင်ကား မောင်းတဲ့ ကိစ္စကတော့ ကိစ္စမရှိပါဘူး။ အများပြည်သူစီးနင်းတဲ့ ကိစ္စတွေမှာဆိုရင် ဒီလော က်အထိ ကျွန်တော်တို့က လုပ်ပေးဖို့လိုတဲ့ အတွက် ဒါက ပြည်ထဲရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့လည်း ဆောင်ရွက်လို့မရပါဘူး။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့လည်း သက်ဆိုင် တဲ့ အနေအထား ရှိပါတယ်။ နောက်တစ်ခုက ယာဉ်ရဲ့ အရည်အသွေး ကို ဒါက တော့ အခုစပြီးတော့ နိုင်ငံတော်က သက်တမ်းလွန်ယာဉ်ဆိုတဲ့ကိစ္စတွေ ဆောင်ရွက်လာတာရှိပါတယ်။ အဲဒီတော့ ယာဉ်တွေမောင်းနှင်တဲ့ အခါမှာ စက်ကြောင့်ချို့ယွင်းခြင်း၊ တာယာကြောင့်ချို့ယွင်းခြင်း၊ များသောအားဖြင့် ကျွန်တော်တို့ အခုဖြစ်နေတာတွေက တာယာကြောင့် ချို့ယွင်းခြင်းဆိုတာတွေ ဖြစ်ပါတယ်။ ယာဉ်အန္တရာယ်မှာ လမ်းအန္တရာယ်ဆိုတဲ့ ကိစ္စ တစ်ခါတည်း ပူးပေါင်းပါဝင်လာတဲ့ ပြဿနာဖြစ် ပါတယ်။ လမ်းတစ်ကြောင်းဖောက်တော့မယ်ဆိုလို့ရှိရင် လမ်းပုံထုတ်တဲ့(Road Design)က သိပ်အရေးကြီး ပါတယ်။ ဒီလမ်းတစ်ကြောင်း ဟာ ဖောက်တဲ့လမ်းဟာ မိုင်နှုန်းဘယ်လောက် သုံးမှာလဲဆိုတာ စပြီးစဉ်းစားရပါမယ်။ ဒီလမ်း ကို ဘယ်နှစ်နှစ် သုံးမှာလဲဆိုတာကို စဉ်းစားရပါမယ်။ မိုင်နှုန်း များများသုံးမယ့် လမ်း မျိုးဆိုလို့ရှိရင် အကွေ့အကောက်မပါရပါဘူး။ မိုင်နှုန်းနည်းနည်းပဲ သုံးမယ့်လမ်းဆိုရင် အကွေ့အကောက် ပါရမယ်။ အကွေ့အကောက်ပါတိုင်းလည်း Super elegation ဆိုတဲ့ ဒီကွေ့တိုင်း ကွေ့တိုင်းမှာ လ မ်းတစ်ဖက်ကိုမြှင့်ပေးရတဲ့ အင်ဂျင်နီယာ လုပ်ငန်းရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကွေ့တဲ့အခါမှာ လမ်းကရှေ့ဘီးနဲ့နောက်ဘီး တစ်ထပ်တည်းမသွားပဲနဲ့ နောက်ဘီးက ကားပြီးတော့လိုက်တဲ့အတွက် အဲဒီအတွက် အဲဒီနေရာမှာ ကျယ်လည်း ကျယ်ပေးရတယ်။ ပြီးရင် ဘေးတိုက်ရွေ့ခြင်းမရှိအောင်မြင့်လည်း မြင့်ပေးရတဲ့ အနေအထားရှိပါတယ်။ နောက်တစ်ခုက နှစ်(၁၀၀) သုံးမယ်ဆိုလို့ရှိရင် နှစ်(၁၀၀)မှာ ပေါ်လာမယ့် ကားတွေရဲ့ အလျား၊ ကားမောင်းသ မား ထိုင်ခုံကနေအမြင့်၊ မျက်စိမြင်တဲ့လမ်းကြောင်း ရှေ့မီးရဲ့အမြင့်၊ ကားရဲ့အလေးချိန်၊ နောင်နှစ်(၁၀၀)မှာ ပေါ်လာမယ့်အထိကို ဒါ တွက်ချက်ပြီး တော့ လမ်းကို ဆောင်ရွက်ရ တာဖြစ်ပါတယ်။ ကားရဲ့အလေးချိန်အရ လမ်းရဲ့ထုထည် ဖြစ်လာ မယ်။ ကားရဲ့အမြင့်အရ ဒရိုင်ဘာရဲ့ (Eye size ) မျက်လုံးမြင်တဲ့လမ်းကြောင်း၊ ရှေ့မီးကြည့်တဲ့ လမ်းကြောင်းအရ အနိမ့်အမြင့်ဖြစ်တဲ့နေရာတွေမှာ တစ်ဖက်နဲ့ တစ်ဖက် မြင်နိုင်ဖို့ မမြင်နိုင်ဖို့ ဆိုတဲ့ ဒီလမ်းပုံထုတ်တာ အလွန်အရေးကြီးတဲ့ အနေအထားရှိပါတယ်။ နောက်တစ်ခုက

လမ်းသားအခြေအနေကောင်းမွန်မှု လမ်းသားအခြေအနေဆိုးဆုံးတဲ့အတွက် အရှိန်နဲ့လာတဲ့အချိန်မှာ ပြုန်းစားကြီး ဆိုး ဝါးတဲ့အခြေအနေမျိုးကို ရင်ဆိုင်လိုက်ရတဲ့အခါမှာလည်း ဒီပြဿနာ တွေဖြစ်တဲ့ အတွက် ဒါဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီအပိုင်းက ဆိုင်တဲ့ အနေအထားရှိပါတယ်။ ဒီဆောက်လုပ်ရေးအင်ဂျင်နီယာတွေ ဒီလမ်းဖောက်တဲ့အခါမှာ လူသတ်သမား ဖြစ်တတ်တယ် ဆိုတဲ့ စကားရှိပါတယ်။ ဒီနေရာ တစ်နေရာထဲ တစ်နေရာထဲမှာ ခဏခဏ ယာဉ်အန္တရာယ် ဖြစ်နေတယ်ဆိုလို့ရှိရင် အင်ဂျင်နီယာအမှားရှိသလားဆိုတာလည်း ပြန်ဆန်းစစ်ရမယ့် ကိစ္စလည်း ဖြစ်ပါတယ်။ ဒီမေးခွန်းက ခုနကလို ပြည်ထဲရေး ဝန်ကြီးဌာနက ပြည့်ပြ ည့်စုံစုံ ဖြေကြား ဆောင်ရွက်နေတယ်ဆိုသော်လည်း ကျန်တဲ့ဝန်ကြီးဌာနတွေကပါ သက်ဆိုင်ကြောင်း ပြောကြားလို ပါတယ်။

**လေးမြို့ရေအားလျှပ်စစ်စီမံကိန်းနှင့် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းတို့၏ သဘာဝရင်းမြစ် ပျက်စီး ထိခိုက်မှုနှင့် အကျိုးပြုမှုလေ့လာဆန်းစစ်သည့်စာတမ်းအား ပညာရှင်အဖွဲ့ဖြင့် ကောက်ယူမှုရှိပါက ဒေသခံပြည်သူများသိရှိအောင် ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် ပြည်ထောင်စု မဟာဓာတ်အားလိုင်းမှတစ်ဆင့် ရခိုင်ပြည်နယ်မြို့ နယ်များသို့ ဓာတ်အားပို့လွှတ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ပြန်လည်ဖြေကြား ရမယ့် မေးခွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင် က လေးမြို့ရေအားလျှပ်စစ်စီမံကိန်းနှင့် စိုင်ဒင် ရေအားလျှပ်စစ်စီမံကိန်းတို့၏ သဘာ ဝရင်းမြစ် ပျက်စီးထိခိုက်မှုနှင့်အကျိုးပြုမှုလေ့လာဆန်းစစ်သည့်စာတမ်းအား ပညာရှင်အဖွဲ့ဖြင့် ကောက်ယူမှု ရှိပါက ဒေသ ခံပြည်သူများသိရှိအောင်ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ /မရှိနှင့် ပြည်ထောင်စု မဟာဓာတ်အားလိုင်းမှ တစ်ဆင့် ရခိုင်ပြည်နယ်မြို့ နယ်များသို့ ဓာတ်အားပို့လွှတ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဦးစွာ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအခုနက တင်ပြပါမေးခွန်းကို မေးရတဲ့အကြောင်းရင်းလေးကို အကျဉ်းချုံးပြီး ရှင်းပြချင်ပါတယ်။ ကျွန်တော်တို့ဟာ လျှပ်စစ်ဓာတ်အားပြည့် ဝပိုလျှံဖူလုံဖို့ အင်မတန် အရေးကြီးပါတယ်။ အဲဒီလိုပါဘဲ ဈေးနှုန်း ချိုသာစွာနဲ့ ရယူသုံးစွဲနိုင်မှပဲ သူနဲ့ ဆက်စပ်တဲ့ စက်မှုကဏ္ဍတွေနဲ့ တခြားလူမှုဘဝ စီးပွားဖွံ့ဖြိုးတိုးတက်မှုမှာ တိုက်ရိုက်အချိုးကျပြီးကာဖွံ့ကျိုး သက်ရောက်စေတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ပြည်ထောင်စု တစ်ဝှမ်း မှာ ဖြစ်နိုင်ချေရှိတဲ့နေရာ တိုင်းမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး လူမှုဘဝစီးပွားရေး ထိခိုက်မှု အနည်းဆုံး နည်းကို သုံးပြီးကာမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထုတ်လုပ်ပေး နိုင်ရေးကိစ္စ ဟာ ပြည်ထောင်စု စိတ်ဓါတ် ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုက်ရိုက်အချိုးကျနေတ ယ်လို့ ကျွန်တော်တို့ သုံးသပ်ပါ တယ်။ ဒါမျိုး ကျွန်တော်တို့ ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ဟာ ပြည်သူလူထုနဲ့ နိုင်ငံတော် အစိုးရပြည်သူလူထုနဲ့ ဆက်စပ်တဲ့ အဖွဲ့အစည်း အားလုံးဟာ ကျွန်တော်တို့ ပြော ပြောဆိုဆို သုံးသုံးနှုန်းနှုန်း ဖြစ်နေကြတဲ့ (Win Win Situation) ကို ကျွန်တော်တို့ဆောင်ရွက် အကောင်အထည်ဖော်တာပဲ ဖြစ်ပါတယ်။ အဲဒီတော့ စီမံကိန်း တစ်ခုကို ကျွန်တော်တို့ ဒီ Win Win ဖြစ်အောင် ပြည်သူလူထုရဲ့ ဆန္ဒ၊ ပြည်သူ လူထုရဲ့ သုံးသပ်ချက် ၊ အကြံပြုချက်တွေကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားပြီးကာမှ ကျွန်တော်တို့ သုံးသပ်ဆုံးဖြတ် ပေးကြရတဲ့ ပြည်သူ့ဘ က်တွေရဲ့ကဏ္ဍတွေကလည်း အခု ခါမှာရှိနေပြီဖြစ်တာမို့လို့ ကျွန်တော် တို့ ရဲ့ စီမံကိန်းတွေ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲတွေနဲ့ ပတ်သက်လို့ ကျွန်တော်လေ့လာမှတ်သား တဲ့ data တစ်ချို့ကို တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဒီနေ့စဉ်ထုတ် သတင်းစာမှာပါတဲ့ အချက်အလက်တစ်ချို့ဟာ ရေအားလျှပ်စစ်စက်ရုံ ပေါင်းဟာ (၁၇)ရုံ၊ ကျောက်မီးသွေးက (၁)ရုံ၊ သဘာဝဓာတ်ငွေ့သုံးတဲ့ စက်ရုံက (၁၄)ရုံ၊ ပေါင်း (၃၂)ရုံဟာ ကျွန်တော်တို့ အခုဆိုရင် လည်ပတ်နေပါတယ်။ (၃၃၆၀) မဂ္ဂါဝပ် ထုတ်လုပ်တယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ စီမံကိန်းတွေကို ပြန်ကြည့်တဲ့အခါမှာ ရေအားလျှပ်စစ် စီမံကိန်းက (၆၃) ခု၊ ကျောက်မီးသွေးဓါတ်အားသုံးစက်ရုံက (၃)ခု၊ (၆၆) ခု ရှိပါတယ်လို့ သိရပါတယ်။

စက်တပ်ဆင်အင်အား မဂ္ဂါဝပ်ကတော့ (၄၅၃၀၃.၅) မဂ္ဂါဝပ် ရှိတယ်လို့ သိ ရပါတယ်။ ဒီစီမံကိန်းတွေကို ကြည့် တဲ့အခါမှာ တစ်လောက ဒီအမျိုးသား လွှတ်တော်မှာပဲ ကျွန်တော် တို့ရဲ့ ဒုတိယဝန်ကြီး (အငြိမ်းစား) ဦးမျိုးမြင့်တင်ပြခဲ့တဲ့ (၂၀၀) ပေအထက်မှာရှိတဲ့ Large and Medium Size ကျွန်တော်တို့ Dam လေးတွေ (၃၁) ခု ရှိတယ်ဆိုတာလည်း ကျွန်တော်တို့ သိရှိရပါတယ်။ တ ဆက်တစပ်တည်းမှာပဲ ကျွန်တော်တို့ရဲ့ ပြည်ထော င်စုထဲမှာ အကြီးဆုံး ရေကာတာလေးတွေ၊ ရေကာတာကြီးတွေကို ကြည့်တဲ့အခါမှာ သံလွင်မြစ် ကြီးပေါ်မှာဆိုရင် (၇၄၈) ပေရှိတဲ့ မိုင်းတုံ Project၊ မေခမြစ်ပေါ်မှာ ချီ ဗွေ (၆၇၆) ပေရှိတဲ့ Project၊ မဏိပူရမြစ်ပေါ်မှာရှိတဲ့ မဏိပူရစီမံကိန်း (၅၂၇) ပေရှိပါတယ်။ ဧရာဝတီမြစ်ပေါ်မှာ မြစ်ဆုံ ၄၅၈ ပေ၊ မြစ်ငယ်မြစ်ပေါ်မှာ ရဲရွာ ၄၃၃ ပေရှိပါတယ်။ အဲဒီလိုပါပဲ ကျွန်တော်ခုနက အဆိုမေးခွန်းထဲမှာပါတဲ့ ကျွန်တော်တို့ လေးမြို့မြစ်မှာ တည်ရှိတဲ့လေးမြို့ Project ဆိုရင်ပေ(၅၀၀)ရှိတယ်လို့ သိရှိရပါတယ်။ (၅၀၀)မဂ္ဂါဝပ် ထုတ်မယ်လို့လည်း သိရှိရပါတယ်။ ဒီ Project ကြီးတွေကို ကျွန်တော်တို့ဆွဲကြ ရေးကြတဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ၊ လူမှုဘဝထိခိုက်မှုတွေကို ကျွန်တော်တို့ ပြန်လည်ထည့်သွင်းစဉ်းစားဖို့ ခုဆိုရင်ပြည်ထောင်စုတစ်ဝှမ်းလုံးမှာ ဆွေးနွေးငြင်းခုံနေကြ၊ ဆွေးနွေးတိုင်ပင်နေကြ၊ အကြံပြု နေကြတဲ့ ကာလလေးမို့လို့ ကျွန်တော်တို့က မှတ်မှတ်ရရ အင်မတန်သတိထားရမယ့် အစီအစဉ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ပြောပြောနေတဲ့ Win Win Solution Situation ဟာ ကျွန်တော်တို့အတွက် အင်မတန် အရေးကြီးတယ်ဆိုတာကို တင်ပြချင်ပါတယ်။ အဲ ဒီတော့ Project ကြီးတစ်ခုကို လုပ်တဲ့အခါမှာ ကျွန်တော်တို့မှာ စီမံကိန်းဆိုင်ရာအချက်အလက်တွေ အများကြီး လိုပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ ရေ ဝေရေလဲ Catchment Area ဘယ်လောက်ရှိသလဲ၊ Water shed ဘယ်လောက်ရှိသလဲ၊ Deposite Rate ကဘယ်လောက်ရှိသလဲဆိုတာ ကျွန်တော်တို့က ထည့်တွက်ရမယ်။ ခုန အဲဒီ နေရာမှာရှိတဲ့ လျှောင်တိုင်းတာမှုအရ ဘယ်လောက်အထိရှိသလဲ။ ကျွန်တော်တို့ရဲ့ ဒီဟာ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနရဲ့ ကျွ န်တော်တို့ရဲ့ အဲဒီနေရာမှာ မိုးရေရွာသွန်းမှုကအစ အကုန်လုံး အချက်အလက်တွေကို လေ့လာပြီးကာမှ ကျွန်တော်တို့ရဲ့ ရေဝပ်ဧရိယာ ခုနကလို ကျွန်တော် တင်ပြခဲ့တဲ့ ရေဝေရေ လဲဧရိယာ ရေထဲမှာမြုပ် ပါသွားမယ့် အဲဒီဒေသမှာရှိမယ့် Endangered Animals တွေကို မျိုးသုဉ်းပျောက်ကွယ်သွားမယ့် တိရိစ္ဆာန်တွေ ဘယ်လောက်ပါသွားမလဲ။ အဲဒီဒေသမှာရှိတဲ့ သဘာဝအရင်းအမြစ် ကျွန်တော်တို့ Bio Diversity and Nature

Conservation ဘယ်လောက်ထိလုပ်နိုင်မလဲ ကျွန်တော်တို့ သဘာဝသယံဇာတထုက ဘယ်လောက်ထိ ဆုံးရှုံးသွားမလဲ။ တကယ်လို့ ရေဝပ်သွားတဲ့ ဧရိယာထဲမှာ National Heritage Area ပါသွားမလား။ သတ္တု တွင်းကြီးများ၊ ရွှေတွင်းငွေတွင်းကြီးတွေများ ပါသွားမလားဆိုတာ ထည့်သွင်းစဥ်းစားပြီး ကာမှ ဒီ Project ကြီးကို ဆက်လက် အကောင်အထည်ဖော်ကြတာဖြစ်ပါတယ်လို့ သုံးသပ်ပါတယ် ဆိုတော့ ကျွန်တော်တို့ အဲဒီဒေသမှာရှိတဲ့ အဲဒီဒေသ အခြေအနေ ခုနလို Flora နဲ့ Faura အခြေအနေ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ဒါတွေကို ထည့်သွင်းစဥ်းစားရမယ့်သဘော ဖြစ်ပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဒီလေးမြို့မြစ်နဲ့ ပတ်သက်တဲ့ စီမံကိန်းတွေလုပ်တဲ့အခါ မှာ ကျွန်တော်တို့က မြစ်ဆုံနဲ့ ပတ်သက်လို့ဖြစ်ဖြစ် ကျွန်တော်တို့ ဆွေးနွေးနေကြတဲ့ ပြဿနာလေးတွေ ကို ပြန်ထည့်သွင်းစဥ်းစားဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ တစ်စုံတစ်ခုအတိုင်းအတာအထိ ပွင့်လင်းမြင်သာ မှုလိုခဲ့လို့ ခုလို ဆွေးနွေးကြရတဲ့အပိုင်းရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီစီမံကိန်းတွေ ဆက်လက်လုပ်တဲ့ အခါမှာဖြစ်ဖြစ် လေးမြို့မြစ်နဲ့ပတ်သက်လို့ လုပ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ စိုင်ဒ င်နဲ့ပတ်သက်လို့ လုပ်တဲ့အခါမှာပဲဖြစ်ဖြစ် ပြည်သူလူထုကို ဘယ်လောက်ထိ ကျွန်တော်တို့ဟာ သဘာဝ အရင်းအမြစ်ထိခိုက်မှု ဘယ်လောက်ထိ လုပ်ထားပါတယ်။ တွက်ချက်မှုအခြေခံ ဘယ်လောက်ထိရှိပါတယ်။ ခုန လူမှုဘဝ စီးပွားရေးကို ထိခိုက် မှု ဘယ်လောက်ထိ လျော့နည်းစေပါတယ်၊ ဒီစီမံကိန်းကြီးကို လုပ်သင့်လုပ်ထိုက်တဲ့ စီမံကိန်းကြီးပါ ဆိုတာလေးကို မြင်သာထင်သာရှိအောင် ပြည်သူလူထုကို ကြိုတင်အသိပေးတာမျိုးဟာ လုပ်သင့်တဲ့ကာလလေးကို ရောက်လာပါပြီ။ ကျွန်တော်တို့ မှတ်ထားရသလောက်ပေါ့လေ။ ဒါ ဧရာဝတီမြစ်ဆုံနဲ့ပတ်သက်လို့ ကျွန်တော်တို့ (၅၆၉) မျက်နှာရှိတယ်။ ပြီးကာမှ ကဏ္ဍ (၁၂)ခုနဲ့ ကျွန်တော်တို့ ခုန BANCA အစီရင်ခံစာလေးကို ခုနက ကျွန်တော်ပြောခဲ့တဲ့ Bio Diversity and Nature Conservation Association ပေါ့နော်။ BANCA က Report လေးကို ကျွန်တော်တို့က ရေးပြခဲ့တာ လည်း သတင်းစာထဲမှာ ဖတ်ရပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဥစ္စာမှာ ပွင့်လင်းမှု သဘာဝအရင်းအမြစ်ကို ဘယ်လောက်ထိ ထိခိုက်တယ်။ ကျွန်တော်တို့ ဘယ်လောက်အကျိုးကျေးဇူးရှိတယ်ဆိုတာလေးကို ပြည်သူလူထုက ကိုယ်တိုင် သုံးသပ်ဆွေးနွေး၊ ကိုယ်တိုင်သုံးသပ်လက်ခံနိုင်လာအောင် တင်ပြနိုင်မှုက ပွင့်လင်းမြင်သာမှုနဲ့ Direct အချိုးကျနေပါတယ်။ အဲဒါကြောင့်မို့လို့ ခုန ကျွန်တော် ဒီမေးခွန်း ကို မေးရခြင်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ တဆက် တစပ်တည်းမှာပဲ

ကျွန်တော်တို့ ဒီ အထူးသဖြင့် မဟာဓါတ်အားလိုင်းနဲ့ ကျွန်တော်တို့ ဒီ အလှမ်းဝေးတဲ့ တချို့ပြည်နယ်တွေမှာ နိုင်ငံပိုင်လျှပ်စစ်ဓါတ်အား (EPC) ခေါ်တာပေါ့နော်။ အဲဒီ EPC ရဲ့ ခုနလို စက်ရုံတွေ မိန်းတိုင်တွေ၊ ပါဝါလိုင်းတွေ၊ လျှ ပ်စစ်ကြိုးတွေကို အသုံးပြုပြီးကာမှ လက်ရှိ အခြေအနေအရ ကျွန်တော်တို့ နိုင်ငံတော်ပိုင်တဲ့ ထ ရန်စဖော်မာကြီးတွေကို အသုံးပြုပြီးကာမှ ကျွန်တော်တို့ ပုဂ္ဂလိကလုပ်ငန်း ရှင်တွေကို ကျွန်တော်တို့က ယာယီ ငှားရမ်းပြီးကာမှ ဒါ မြို့လူထုမီးလင်းအောင် ဖန်တီးပေးရတဲ့အပိုင်းတွေ ရှိပါတယ်။ အဲဒီမှာ တစ်ယူနစ်နှုန်းက ကျွန်တော်တို့ နိုင်ငံတော်မဟာဓါတ်အား လိုင်းက ပေး ချေရတဲ့နှုန်းထက် အင်မတန် မြင့်တာကို တွေ့ရပါတယ်။ ဥပမာ တစ်ယူနစ်ကို (၄၅၀)ကျပ်၊ (၆၀၀)ကျပ် အဲဒါမျိုးဖြစ်ရတဲ့အခါမှာ ဒါလေးဟာ ကာလတစ်ခုထိကတော့ ပြဿနာမရှိပါ ဘူး။ ကာလရှည်လျားလာတဲ့အခါမှာ ကျွန်တော်တို့ရဲ့ Acountability နိုင်ငံတော်က ဘယ်လောက်ထိ တာဝန်ယူမှုပေးသလဲလို့ အခွန်အတုပ်ကိုဖြင့် ကျွန်တော်တို့က Taxation ကို ပေးနေကြပါတယ်။ ဒီ နိုင်ငံတော်က ဘယ်လောက်ထိ ကျွန်တော်တို့အပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ ပြည်သူကမေး ခွန်း ထုတ်လာနိုင်တာ မို့လို့ ဒါကြီးဟာ ကာလတစ်ခုထိ ကတော့ အဆင်ပြေပါတယ်။ အဲဒါကြောင့်မို့လို့ ရေအား လျှပ်စစ်တို့၊ သဘာဝ ထိခိုက်မှုတို့ အသက်သာဆုံးနည်းနဲ့ ထုတ်လုပ်ပြီးကာမှ ခုနလို စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန်အရေးကြီးတဲ့ လျှပ်စစ်ဓါတ်အားကို ထုတ်ပြီးကာမှ လူမှုရေး ကဏ္ဍ၊ တခြားကဏ္ဍတွေ မှာလည်း သုံးနိုင်တဲ့ဥစ္စာမျိုး အင်မတန်လိုအပ်ပါတယ်။ အဲဒါကြောင့်မို့ လည်း ပြောကြပါတယ်။ ခုန Developer တွေနဲ့ Environmentalist တွေဆိုတာ အမြဲ တမ်း ဆန့်ကျင်ဖက်သဘောလိုဖြစ်ကြတယ်။ Developer တိုင်းဟာဖြင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း ကို ရောက်အောင် ကြိုးစားပမ်းစား တည်ဆောက်သွားမှာပါ။ အဲဒီအခါမှာ ပတ်ဝန်းကျင်ထိခိုက်မှု ကို အညင်သာဆုံးနဲ့ Win Win ကို ဆောင်ရွက်နိုင်ခြင်းဟာ အင်မတန် အောင်မြင်တဲ့နည်းလမ်းလို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် ဒီ ရခိုင်ပြည်နယ် ဒေသကိုလည်းပဲ စက်မှုဖွံ့ဖြိုးမှုဒေသတစ်ခုအဖြစ် အထူးဒေသကြီး တစ်ခုအဖြစ် သတ်မှတ်ထားတဲ့ ကာလ ဖြစ်တာ မို့လို့ ဒီမေးခွန်းလေး (၅)ခုကို ကျွန်တော် စဥ်ဆက်လေး ကျွန်တော်မေးချင်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို စာဖတ်ပြီး မေးမြန်းခွင့်ပြုပါ။

(၁) လေးမြို့ရေအားလျှပ်စစ်စီမံကိန်းနှင့်စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းတို့၏ သဘာဝ ရင်းမြစ်ပျက်စီးထိခိုက်မှုနှင့်အကျိုးပြုမှု လေ့လာဆန်းစစ်သည့်စာတမ်း Enviromental Impact

Assistment Report အား ပညာရှင်အဖွဲ့နှင့် ကောက်ယူမှုရှိက ဒေသခံပြည်သူလူထုသိရှိအောင် ထုတ်ပြန်ပေးမည့် အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်း တစ်ခုပါ။ (၂) အဆိုပါအစီရင်ခံစာအရ ကျိုးကြောင်းခိုင်လုံသဖြင့် စီမံကိန်းလုပ်ငန်း စတင်မည်ဆိုပါက မည်သည့်ကာလတွင် စတင်၍ မည်သည့်ကာလတွင် ပြီးစီးကာ ထွက်ရှိလာမည့်ဓါတ်အား ကိုမည်ကဲ့သို့ သုံးစွဲပါမည်နည်း ဆိုတာလေး သိ ချင်ပါတယ်။ နောက်နံပါတ် (၃)ကတော့ လေးမြို့နဲ့ စိုင်ဒင်ရေအား လျှပ်စစ် စီမံကိန်းကာလကြာရှည်မည်ဆိုပါ လျှင် ရွှေသဘာဝဓါတ်ငွေ့သိုက်မှ တရုတ်ပြည်သို့ ရာနှုန်းပြည့် ရောင်းချခြင်းမပြုဘဲ ရာ ခိုင်နှုန်းအချို့ဖြင့် ရခိုင်ပြည်န ယ်တစ်ဝှမ်း လျှပ်စစ်ဓါတ်အားပေးမည့် သဘာဝဓါတ်ငွေ့သုံး ဓါတ်အား ပေးစက်ရုံ တည်ဆောက်ပေးမည့် အစီအစဉ် နိုင်ငံတော် အစိုးရတွင် သို့မဟုတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတော်အစိုးရ နှစ် ရပ်ညှိနှိုင်း အကောင်အထည်ဖော်ပေးနိုင်မည့် ဒေသခံပြည်သူများကို နှစ်သိမ့်စေမည့် ဖွံ့ဖြိုးမှု အထူး အစီအစဉ် ရှိပါသလား။ နံပါတ် (၄)က ပြည်ထောင်စု မဟာဓါတ်အားလိုင်းမှတစ်ဆင့် ရခိုင်ပြည်နယ် မြို့နယ်များသို့ ဓါတ်အားပို့လွှတ်ရန် အစီအစဉ်ရှိပါသလား။ နံပါတ် (၅)က အစီအစဉ်များ မရှိပါက ရခိုင်ပြည်နယ်၏ လျှပ်စစ် ဓါတ်အားဖြန့်ဖြူးမှုလုပ်ငန်းနှင့် ဆက်စပ်သည့် စက်မှုဖွံ့ဖြိုးမှုကဏ္ဍကို မည်ကဲ့သို့ အကောင် အထည်ဖော်မည်ကို ရှင်းပြပေးနိုင်ပါမည်လား။ အစီအစဉ်များရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်မည်ကို သိရှိလိုပါသည်ဆိုပြီး မေးမြန်းထားတဲ့ မေးခွန်းလေး(၅)ခု ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ နာယကကြီးခင်ဗျား။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၄။**

**ဦးဇော်မင်း(ပြည်ထောင်စုဝန်ကြီးအမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စား လှယ် များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဂါရ ဝပြု နှု တ်ခွန်းဆက်သပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် မေးမြန်းတဲ့ မေးခွန်းများ နဲ့ပတ်သက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ လေးမြို့ရေအားလျှပ်စစ်စီမံ ကိန်းနှင့် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းတို့၏ သဘာဝရင်းမြစ်ပျက်စီးထိခိုက်မှုနှင့်အကျိုးပြုမှုလေ့လာဆန်းစစ်သည့် စာတမ်း EIA အား ပညာရှင်အဖွဲ့ဖြင့် ကောက်ယူမှုရှိက ဒေသခံပြည်သူလူထုသိရှိအောင် ထုတ်ပြန်ပေးမည့် အစီအစဉ်ရှိပါသလား ဖြ စ်ပါတယ်။ လေးမြို့ /စိုင်ဒင်ရေအားလျှပ်စစ် စီမံကိန်းများဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများဖြစ်ပါတယ်။ ပတ်ဝန်းကျင်သက်ရောက်မှုနဲ့ အ ကျိုးပြုမှု လေ့လာချက် အစီရင်ခံစာ လေ့လာဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာကုမ္ပဏီက လေ့လာ ဆောင်ရွက်ပြီးပါက အစီရင်ခံစာကို အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အပ်နှံမှာဖြ စ်ပါတယ်။ ယခုအခါ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီးတော့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသစ် ဖွဲ့စည်းပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနက အဲဒီအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို ဆက်လက်အပ်နှံပြီးတော့ ၎င်းဝန်ကြီးဌာနမှ လေ့လာစိစစ် သုံးသပ်ပါတယ်။ အတည်ပြုသည့် အခါမှာ ၎င်းအစီရင်ခံစာကို ပြည်သူများဖတ်ရှုနိုင်ဖို့အတွက် အဲဒီအချိန်မှာ ဖြစ်ပေါ်လာမည့် သက်ဆိုင်ရာ ရေအားလျှပ်စစ်စီမံကိန်း၏ website မှာ ထုတ်ပြန် ကြေညာမှာဖြစ်ပါတယ်။ သို့သော် လေ့လာဆဲကာလ ဖြစ်ပါတယ်။

မေးခွန်းနောက်တစ်ခုကတော့ အဆိုပါ အစီရင်ခံစာအရ ကျိုးကြောင်းခိုင်လုံသဖြင့် . စီမံကိန်းလုပ်ငန်းစတင်မည်ဆိုပါက မည်သည့်ကာလတွင်စတင်၍ မည်သည့်ကာလတွင်ပြီးစီး ကာ ထွက်ရှိလာမည့်ဓါတ်အားကို မည်ကဲ့သို့ သုံးစွဲပါမည်နည်းဖြစ်ပါတယ်။ စီမံကိန်းများဟာ ဖြစ်နိုင်ချေ ရှိ/မရှိ စူးစမ်းလေ့လာနေဆဲကာလ စီမံကိန်းများ ဖြစ်ပါတယ်။ စတင်တည်ဆောက်တဲ့အချိန် ရောက်လာပြီဆိုရင် စတင်သုံးစွဲသည့် အချိန်ကစပြီးတော့(၅)နှစ်နဲ့(၈)နှစ်ကြားမှာ တည်ဆောက်ချိန် ကြာမြင့်နိုင်ပါတယ်။ ထွက်ရှိလာတဲ့ ဓါတ်အားကို ရခိုင်ပြည်နယ် အတွင်း ဖြန့်ဝေမှာဖြစ်တဲ့အပြင် မဟာဓါတ်အားလိုင်းနဲ့ ဆက်သွယ်ပြီးတော့ အမှတ် (၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ အစီအစဉ်နဲ့ ဆက်လက် ဖြန့်ဝေဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်မေးခွန်းတစ်ခုကတော့ လေးမြို့နှင့် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းကာလ ကြာရှည်မည်ဆိုပါလျှင် ရွှေသဘာဝဓာတ်ငွေ့

သိုက်မှ တရုတ်ပြည်သို့ ရာနှုန်းပြည့်ရောင်းချခြင်းမပြုဘဲ၊ ရာခိုင်နှုန်းအချို့ဖြင့် ရခိုင်ပြည်နယ် တစ်ဝန်း လျှပ်စစ်ဓါတ်အားပေးမည့် သဘာ ဝဓာတ်ငွေ့ သုံးဓာတ်အားပေးစက်ရုံ တည်ဆောက် ပေးမည့် အစီအစဉ် နိုင်ငံတော်အစိုးရတွင် သို့မဟုတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတော် အစိုးရနှစ်ရပ် ညှိနှိုင်းအကောင်အထည်ဖေါ်ပေးမည့် ဒေသခံပြည်သူများကို နှစ်သိမ့်ပေးမည့် ဖွံ့ဖြိုး မှုအစီအစဉ် ရှိပါသလား။ ဒါကတော့ စွမ်းအင် ဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဖြေကြား သွားမှာဖြစ်ပါတယ်။

ရခိုင်ကမ်းလွန်ဒေသ ရွှေသဘာ ဝဓာတ်ငွေ့စီမံကိန်းလုပ်ကွက် (A-1) နှင့် (A-3) ကို ကိုရီးယားနိုင်ငံ၊ ဒေဝူးအင်တာနယ်ရှင်နယ် ကော်ပိုရေးရှင်းမှ လုပ်ငန်းဦးဆောင် သူအဖြစ် ဆောင်ရွက်ပြီးတော့ ရွှေစီမံကိန်းလုပ်ငန်း အဖွဲ့ ဝင်များ (Consortium) အဖြစ် ကိုရီးယားနိုင်ငံမှ (KOGAS)အိန္ဒိယနိုင်ငံမှ(ONGC Videsh Ltd.) နှင့် (GAIL India Ltd.) မြန်မာနိုင်ငံမှ မြန်မာ့ရေနံနှင့် သဘာ ဝဓာတ်ငွေ့လုပ်ငန်းတို့ ပါဝင်ရင်းနှီးမြှုပ်နှံကြပါတယ်။ ရွှေစီ မံကိန်း လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် စီ မံကိန်းအတွက် မိမိတို့ရင်းနှီးမြှု ပ်နှံထားမှုကို လျှင်မြန်စွာ ပြန်လည်ရရှိနိုင်ရေးနှင့် နိုင်ငံတော်မှ လိုအပ် သောနိုင်ငံခြားငွေရရှိနိုင်ရေးအတွက် ဦးတည် စဉ်းစားဆောင်ရွက်ခဲ့ကြပါတယ်။ ရွှေစီမံကိန်းမှ ထွက်ရှိမယ့် သဘာဝဓာတ်ငွေ့ကို နည်းလမ်း (၃)သွယ်ဖြင့် ဆောင်ရွက် ရန်စဉ်းစားခဲ့ပါတယ်။ ပထမနည်းလမ်း ကတော့ LNG အရည်ပြုလုပ် ပြီးတော့ ဈေး ကွက်သို့တင်ပို့ရောင်းချရန်ကိစ္စမှာ LNG စက်ရုံနှင့် သိုလှောင်ကန်များ တည်ဆောက်ခြင်း LNG သယ်ယူမည့်သင်္ဘောများ ဆိုက်ကပ်ရန် ဆိပ်ခံများ တည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု စရိတ် ကြီးမားလွန်းခြင်း၊ ဓာတ်ငွေ့စတင်ထုတ်ယူ ချိန်၌ အချိန်မီ ပြီးစီးရေး အကန့်အသတ်ရှိခြင်းတို့ကြောင့်လည်းကောင်း၊ ဒုတိယနည်းလမ်းဖြစ်တဲ့ အထူးစီးပွားရေးဇုန် တည်ဆောက်ပြီးတော့ စက်ရုံများကို ဓာတ်ငွေ့ဖြန့်ဖြူးရောင်းချရာမှာလည်း သဘာ ဝဓာတ်ငွေ့ စတင်ထုတ်လုပ်သည့်အချိန်မှာ အထူးစီး ပွားရေးဇုန်မှာ အဆင် သင့်အနေ အထားမဖြစ်နိုင် သောကြောင့်လည်းကောင်း၊ တတိယနည်းလမ်းဖြစ်သည့် အိမ်နီးချင်း အိန္ဒိယနိုင်ငံသို့ ပိုက်လိုင်း သွယ်တန်းပြီးတော့ တင်ပို့ရောင်းချရန်မှာလည်း မြန်မာ-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် (၃)နိုင်ငံ စွမ်းအင် ဝန်ကြီးများ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီးတော့ သဘာ ဝဓာတ်ငွေ့ပိုက်လိုင်းကို ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်နယ်နိမိတ်ကို ဖြတ်သန်းသွယ်တန်း၍ အိန္ဒိယနိုင်ငံသို့ ပေးပို့ရန်မှာ အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် (၂)နိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ သွယ်တန်းရန် မဖြစ်နိုင်ခြင်း၊ မြန်မာ -

အိန္ဒိယကုန်းပိုင်း နယ်နိ မိတ်ကို ဖြတ်သန်း၍ ပိုက်လိုင်းသွယ်တန်းရန် မှာလည်း ပထ ဝီအနေအထားအရ ခက်ခဲပြီး အချိန်နှင့် ရင်းနှီးမြှုပ်နှံမှု စရိတ်ကြီးမြင့်ခြင်းတို့ကြောင့် အိန္ဒိယသို့ ဓာတ်ငွေ့ပိုက်လိုင်းဖြင့် ဓာတ်ငွေ့ ရောင်းချခြင်း မပြုနိုင်တော့၍လည်းကောင်း ရွှေစီမံကိန်း အဖွဲ့ဝင်များအနေနဲ့ ယင်း နည်းလမ်း (၃)မျိုးလုံးကို ဆောင်ရွက်ရန် စဉ်းစားခြင်း မပြုတော့ပါ။ ထို့ကြောင့် ရွှေစီမံကိန်းမှ ထွက်ရှိသော သဘာ ဝဓာတ်ငွေ့များကို အိမ်နီးချင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ရောင်းချရန် သဘောတူဆုံးဖြတ်ခဲ့ကြပြီး Export Gas Sales and Purchase Agreement ကို ရွှေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ Consortium နှင့် တရုတ်နိုင်ငံ China National United Oil Coporation တို့အား ၂၄-၁၂-၂၀၀၈ ရက်နေ့ တွင် လက်မှတ်ရေးထိုးခဲ့ပြီးတော့ စာချုပ်အရ ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေ့ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ၂၀၁၃ ခုနှစ် မေလမှာ စတင်ပို့လွှတ် ရမည်ဖြစ်ကြောင်း၊ ရောင်းသူနှင့် ဝယ်သူ နှစ်ဦးနှစ်ဖက် ကတိ ကဝတ် ပြုထားကြပြီး ဖြစ်ပါတယ်။ ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချရန် ချုပ်ဆို ထားသည့် စာချုပ်မှာ မြန်မာနိုင်ငံက သဘာဝဓာတ်ငွေ့ပမာဏ မည်မျှသုံးစွဲမည်။ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ မည်မျှရောင်းချမည်တို့ကို စီမံကိန်းကာလ နှစ် (၃၀)အတွက် လက်မှတ်ရေးထိုးပြီး ကတိကဝတ် ပြုထားကြပြီးဖြစ်ပါတယ်။ ရွှေစီမံကိန်းမှ သဘာဝဓာတ် ငွေ့ တစ်နေ့ကို ကုဗပေသန်း (၅၀၀) ထုတ်လုပ်နိုင်မည်ဖြစ်ပြီးတော့ တရုတ်နိုင်ငံသို့ ကျောက်ဖြူမှတစ်ဆင့် မြန်မာ-တရုတ်နယ်စပ်အထိ အချင်း(၄၀) လက်မအရှည် (၇၉၂.၅) မီတာရှိသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို တည်ဆောက်ပြီးတော့ သဘာဝဓာတ်ငွေ့ရောင်းချနိုင်ရန် စီစဉ်ထားရှိပါတယ်။ ယင်းပိုက်လိုင်း၏ အရွယ်အစားအရ တစ်နေ့လျှင် အနည်းဆုံး သဘာဝဓာတ်ငွေ့ ကုဗပေသန်း(၄၀၀) ပို့လွှတ်နိုင်မှသာ စီးပွားရေးအရ တွက်ခြေကိုက်မည်ဖြစ်ပါတယ်။ ရွှေစီမံကိန်းမှ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်အတွက် တစ်နေ့ ကို သဘာဝဓာတ်ငွေ့ ကုဗပေသန်း (၁၀၀)ကို ပြည်တွင်းဓာတ်ငွေ့ပိုက် လိုင်းကွန်ယက် စနစ် ဖြင့်တည်ဆောက်ပြီးတော့ ပြည်တွင်းနေရာ (၂)နေရာမှာ ရယူရန် စီစဉ်ထားရှိပါတယ်။ ၎င်းသဘာဝဓာတ်ငွေ့ကို နိုင်ငံတော်၏ သဘာဝဓာတ်ငွေ့သုံးစွဲနေသော စက်မှုကဏ္ဍများသို့ ဦးစားပေးပို့လွှတ် ဖြန့်ဖြူးမှာ ဖြစ်ပါတယ်။ အကြံပြု တင်ပြသည့်အတိုင်းပဲ ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေ့ ရာခိုင်နှုန်းအချို့ကို ရခိုင်ပြည်နယ်တစ်ဝှမ်း လျှပ်စစ်ဓာတ်အားပေးတဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ဖြန့်ဖြူး ပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနဲ့

မြန်မာနိုင်ငံတော်အစိုးရ (၂)ရပ်ညှိနှိုင်း၍ အ ကောင်အထည်ဖော်ရန်မှာ ခက်ခဲမှုရှိ ပါတယ်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုစရိတ်၊ ရင်းနှီးမြှုပ်နှံမှုများ တဲ့အပြင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဖက်၌လည်း သဘာဝဓာတ်ငွေ့ သုံးစွဲမည့်သူများကို ကြိုတင်၍ အရောင်းစာချုပ်များ ချုပ်ဆို ကတိကဝတ်ပြုထားပြီးဖြစ်၍ သတ်မှတ်အချိန်မှာ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်ခြင်း မရှိပါက အလျော်အစား Take or Pay ပေးလျော်ရမည် သတ်မှတ်ချက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ချုပ်ဆိုထားသော စာချု ပ်ကို ဆန့်ကျင်၍ ယခုအချိန်မှ နောက်ထပ်စီမံကိန်းတစ်ခုအတွက် ဓာတ်ငွေ့ထပ်မံအသုံးပြုလိုခြင်းမှာ မဖြစ်နိုင်တော့ပါ။ ရခိုင်ပြည်နယ် ကမ်းလွန်ဒေသ၌ ရေတိမ်ပိုင်းလုပ်ကွက် A-1, A-3 နှင့် ရေနက်ပိုင်းလုပ်ကွက် AD-7 တို့မှာ ကိုးရီးယားနို ငံ Daewoo International Coporation မှလည်းကောင်း၊ KMDC ကုမ္ပဏီက စင်္ကာပူနိုင်ငံ Brilliant Oil Coporation နဲ့ ပူးပေါင်းပြီးတော့ ရေတိမ်ပိုင်းလုပ်ကွက် A-5, A-7 တို့မှာ လည်းကောင်း၊ တရုတ်နိုင်ငံမှ CNPC ကုမ္ပဏီသည် ရေနက်ပိုင်းလုပ်ကွက် AD-1, AD-6, AD-8 တို့မှာလည်းကောင်း၊ အိန္ဒိယနိုင်ငံမှ ESSAR ကုမ္ပဏီသည် ရေတိမ်ပိုင်းလုပ်ကွက် A-2 မှာ လည်းကောင်း BV-1 တွင် မှတ်ပုံတင်ထားသော မြန်မာနိုင်ငံမှ MPRL ကုမ္ပဏီသည် ရေတိမ်ပိုင်း လုပ်ကွက် A-6 မှာလည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြပါတယ်။ ၎ င်းအပြင် ကုန်းပိုင်းလုပ်ကွက် L စစ်တွေဒေသမှာလည်း အိန္ဒိယနိုင်ငံ ESSAR ကုမ္ပဏီမှ ရေနံရှာဖွေရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိရာ အထက် ဖော်ပြပါလုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တွေ့ ရှိရန် အလားအလာကော င်းများ ရှိနေပါသည်။ သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၏ ကနဦး မတည်ရင်းနှီးစရိတ်မှာ ရေအား လျှပ်စစ် စက်ရုံများ ကနဦး မတည်ရင်းနှီးစရိတ်ထက် သက်သာသော်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် လောင်စာဓာတ်ငွေ့ အသုံးပြုရသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ ရေအားလျှပ်စစ်စက် ရုံများမှ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် အလွန်များပြားပါတယ်။ ဒါကြောင့်လည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ထုတ်လုပ် နိုင်ရန် အလားအလာရှိသောဒေသများမှာ ရေအားလျှပ်စစ်စက်ရုံများကိုသာ အများအားဖြင့် တည်ဆောက်လေ့ရှိပါတယ်။

မေးခွန်း(၄)ကတော့ ပြည်ထောင်စုမဟာဓာတ်အားလိုင်းမှတဆင့် ရခိုင်ပြည်နယ်၊ မြို့နယ် များသို့ ဓာတ်အားပို့လွှတ်ရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်များ မရှိပါက ရခိုင်ပြည်နယ် ၏

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်းနဲ့ဆက်စပ်တဲ့ စက်မှု ဖွံ့ဖြိုးမှုကဏ္ဍကို မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို ရှင်းပြပေးနိုင်ပါမည်လား။ အစီအစဉ်များရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်မည်ကို သိရှိလိုပါသည်။ ဒါကတော့ လျှပ်စစ် (၂)ဝန်ကြီးဌာနက ဖြေကြားရမယ့်အဖြေကို ကျွန်တော်က ကိုယ်စား ဖြေကြားပေးမှာဖြစ်ပါတယ်။ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ နိုင်ငံတော် ကိုယ်စားဓာတ်အားပေးစက်ရုံကြီးများမှ ထုတ်လုပ်လိုက်တဲ့ လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်တစ်ဝှ မ်းရှိဒေသများကို သယ်ပို့ပေးခြင်း၊ ဒေသအလိုက် ပြည်သူလူထုထံအရောက် ဖြန့်ဖြူးပေးခြင်းလုပ်ငန်းများ လုပ်ဆောင်သောဌာနကြီးဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို ပြည်သူတို့အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံကြီးများတည်ဆောက်ပြီးတော့ လျှပ်စစ်ဓာတ်အားများ တိုးချဲ့ဖြန့်ဖြူးပေးခြင်းတို့ကိုလည်း အစွမ်းကုန် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဒါကြောင့် ရှေးယခင်က နိုင်ငံတော် ဓာတ်အားစနစ်၏ မဟာဓာတ်အားလိုင်းကြီးများဟာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာသာ ရှိရာကနေပြီးတော့ ယခုအခါတွ င်မူ ဧရာဝတီမြစ်အနောက်ဘက်ကမ်းကို လည်း ၂၃ဝ ကေဗွီ ဓာတ်အားလိုင်းဖြင့် ပို့လွှတ်ပြီးတော့ ပဲခူးတိုင်း ၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင် မှာ ၂၃ဝ/၃၃/၁၁ ကေဗွီ၊ (၁ဝဝ)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပြီးတော့ ၆-၃-၂ဝ၁ဝ ရက်နေ့မှစ၍ ဓာတ်အားစနစ်က ဓာတ်အားများ တိုးတက်ပို့လွှတ်နိုင်ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဒေသဟာ မြေမျက်နှာသွင်ပြင်အရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသဖြစ်ပါတယ်။ ၎င်းဒေသကို ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်ရရှိမှု အခြေအနေအရနှင့် ဓာတ်အားလိုင်းများ ခက်ခဲစွာတည်ဆောက်ရသော အခြေအနေများ ကြောင့် နိုင်ငံတော်ဓာတ်အားစနစ်ကို မတိုးချဲ့နိုင်ခဲ့သော်လည်း ဒေသအတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရကိုယ်စား အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒီဇယ်စက်များတပ်ဆင်ပေးခြင်း၊ လောင်စာဆီများထောက်ပံ့ပေး ပို့ခြင်းဖြင့် ပြည်သူတို့ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတော် ဓာတ်အားကွန်ယက်ကို ရခိုင်ဒေသကိုပါ ပို့လွှတ်နိုင်ရန် ရည်ရွယ်ပြီးတော့ ၂၃ဝ ကေဗွီဗို့အားကို ရခိုင်ပြည်နယ်ဝင်ပေါက်ဖြစ်တဲ့ ဥသျှစ်ပင်အထိ ပထဦးစွာ စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ယခုအခါ ရခိုင်ပြည်နယ် ဒေသအတွင်းမှာ ပြည် သူများ လျှပ်စစ်ဓာတ်အား အပြည့် အဝ အသုံးပြုနိုင်စေရေးအတွက် သူဌေးချောင်း လျှပ်စစ်စီမံကိန်း

(၁၁၁)မဂ္ဂါဝပ်၊ အမ်းရေအား လျှပ်စစ်စီမံကိန်း (၁၀) မဂ္ဂါဝပ်၊ လေးမြို့ရေအား လျှပ်စစ်စီမံကိန်း (၅၀၀) မဂ္ဂါဝပ်၊ စိုင်ဒင်စီမံကိန်းတို့ကိုလည်းကောင်း ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်လာမည့် လျှပ်စစ်ဓာတ်အား ပမာဏဟာ ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီးတော့ ပိုလျှံသော ဓာတ်အားတွေကို လည်း နိုင်ငံတော် ဓာတ်အားစနစ်ကို ချိတ်ဆက်ပို့လွှတ်သွားမှာဖြစ်ပါသည်။ ရခိုင်ပြည်နယ်ဒေသ အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံနေသည့် ရေအား လျှပ်စစ်စီမံကိန်းများနှင့် ဆက်စပ်ပြီးတော့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မ ဓာတ်အားခွဲရုံကြီးများကိုလည်း ရေအားစီမံကိန်းများနှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပြီးသတ် တည်ဆောက်နိုင်ရန် စီမံ ထားရှိပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းများ၏ သဘောသဘာဝမှာ အချိန်ယူ၍ လေ့လာ တွက်ချက်မှုများ၊ စူးစမ်းတိုင်းတာမှုများ အကြိမ်ကြိမ် ရယူပြီးတော့မှ တည်ဆောက်ရေး ကာလမှာလည်း နှစ်ကာလကြာရှည်စွာ အချိန် ယူ၍ ဆောင်ရွက်ရတဲ့ စီမံကိန်း အမျိုးအစားများ ဖြစ်ပါတယ်။

ဒါကြောင့် သူဌေးချောင်းအပါအဝင် အဆိုပါ ရေအား လျှပ်စစ်စီမံကိန်းများမပြီးစီးမီမှာ ရခိုင်ပြည်နယ် ပြည်သူလူထုမှ လျှပ်စစ်ဓာတ်အားကို အပြည့်အဝသုံးစွဲနိုင်စေရန်နှင့် ရခိုင်ပြည်နယ် အား ပြည်မနှင့်မခြား အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီးတော့ အိန္ဒိယနိုင်ငံမှ အစိုးရချေးငွေ အမေရိကန်ဒေါ်လာ (၆၄.၀၇) သန်း ရယူပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရောက်နှင့်ပြီးဖြစ်သော ဥသျှစ်ပင်ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားကို ရခိုင်ပြည်နယ်သို့ ရယူမယ့် အောက်ဖော်ပြပါ မဟာဓာတ်အားလိုင်းနဲ့ ခွဲရုံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားပါတယ်။ ဥသျှစ်ပင် -တောင်ကုတ် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၆၉) မိုင်၊ တောင်ကုတ် -မအီ-အမ်း (၂၃၀) ကေဗွီ မဟာဓာ တ်အားလိုင်း (၇၀) မိုင်၊ မအီ - စနဲခုံမင်လမ်းဆုံ-ကျောက်ဖြူ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၄၂) မိုင်၊ အမ်း-မန်း ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း (၈၀) မိုင်၊ ဥသျှစ်ပင်-တောင်ကုတ်-သူဌေး ၂၃၀ ကေဗွီနှစ်ထပ် မဟာဓာတ်အားလိုင်း(၇) မိုင်၊၂၃၀/၆၆/၁၁ ကေဗွီ၊ (၁၀၀)အမ်ဗွီအေ တောင်ကုတ် ဓာတ်အားခွဲ စက်ရုံ၊ ၂၃၀/၃၃/၁၁ ကေဗွီ၊ (၁၀၀)အမ်ဗွီအေ မအီဓာ တ်အားခွဲရုံ၊ ၂၃၀/၃၃/၁၁ ကေဗွီ၊ (၁၀၀)အမ်ဗွီအေ အမ်းဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ၊ (၁၀၀) အမ်ဗွီအေ စနဲခုံမင်လမ်းဆုံ-ကျောက်ဖြူ ဓာတ်အားခွဲရုံ၊ ၂၃၀/၁၃၂/၁၁ ကေဗွီ၊ (၁၀၀)အမ်ဗွီအေ မန်းဓာ တ်အားခွဲရုံ

အထက်ပါ ဓာတ်အားလိုင်းများနှင့်ဓာတ်အားခွဲရုံ စီမံကိန်းများတွင် သုံးစွဲဖို့အတွက် အိန္ဒိယအစိုးရ ချေးငွေ အမေရိကန်ဒေါ်လာ(၆၄.၀၇)သန်းရရှိရေးကို ချေးငွေ စာချုပ်ကို မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ် MFTB နှင့် အိန္ဒိယနိုင်ငံပို့ကုန်သွင်းကုန်ဘဏ် Exim Bank တို့ဟာ ၂၄-၆-၂၀၀၈ ခုနှစ်က တည်း က စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါတယ်။ ယခုအချိန် အခါတွင် စာချုပ်အရ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အိန္ဒိယဘက်မှ သတ် မှတ်ထားသော အိန္ဒိယနိုင်ငံ Power Grip Coporation နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ဟာ စီမံကိန်းနှင့် စပ်လျဉ်း၍ နည်းပညာကိစ္စများ၊ ဈေးနှုန်း ကိစ္စများကို ညှိနှိုင်းစိစစ်လျက် ရှိပြီးတော့ ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချ က်နဲ့ ဝန်ကြီးဌာနနှင့် Power Grip Coporation တို့ဟာ စီမံကိန်းအတွက် စာချုပ်ချု ပ်ဆိုမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းများ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒင်းအပြင် အထက်ပါ အိန္ဒိယချေးငွေဖြင် ့ ဓာတ်အားကွန်ယက်မှလည်းကောင်း၊ သူဌေး၊ လေးမြို့ စိုင် ဒင် စသော ရေအားလျှပ် စစ်စီမံကိန်းများမှလည်းကောင်း၊ ဓာ တ်အားကို ရယူ၍ ရ ခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာ တ်အားမီးလင်းနိုင်ရေးကို မျှော်မှန်းပြီး အောက်ဖော် ပြပါ ဓာတ်အားလိုင်းနှင့် ဓာ တ်အားခွဲရုံများလည်း ဆက်လက်တည်ဆောက်သွား မှာဖြစ်ပါတယ်။ အမ်း-ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း ၁၁၀ မိုင်၊ ပုဏ္ဏားကျွန်း-စစ်တွေ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၅ မိုင်၊ ပုဏ္ဏားကျွ န်း-ကန်ဆောက်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၈၃ မိုင်၊ ကန်ဆော က်-ကျောက်တော်-မြောက်ဦး-မင်းပြား (၆၆) ကေဗွီ ဓာတ်အားလိုင်း ၆၁ မိုင်၊ စနဲခုံ မင်လမ်းဆုံ-ကျောက်ဖြူ ၆၆ ကေဗွီဓာတ်အားလိုင်း ၄၀ မိုင်၊ စနဲခုံမင်လမ်းဆုံ-ရမ်းပြဲ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၄ မိုင်၊ ပုဏ္ဏားကျွန်း-ရသေ့တောင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၀ မိုင်၊ မင်းပြား -ပေါက်တော ၃၃ ကေဗွီဓာတ်အားလိုင်း ၂၀ မိုင်၊ မင်းပြား-မြေပုံ ၃၃ ကေဗွီဓာတ်အားလိုင်း ၂၂ မိုင်၊ ပုဏ္ဏားကျွန်း ၂၃၀/၆၆/၃၃ ကေဗွီ ပင်မဓာတ်အားခွဲရုံ၊ စစ်တွေ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာ တ်အားခွဲရုံ၊ ကန်ဆောက်၊ ဘူးသီးတောင်၊ မောင်တောမြို့များမှာ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာ တ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ကျောက်တော်နှင့် မြော က်ဦးမြို့များတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာ တ်အားခွဲရုံများနှင့် မင်းပြား ၆၆/၃၃ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ကျောက်ဖြူ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ၊ ရမ်းပြဲ ၆၆ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာ တ်အားခွဲရုံ၊ ရသေ့တောင် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ၊

ပေါက်တော ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ၊ မြေပုံ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ၊ သူဌေးချောင်း ရေအားလျှပ်စစ်စက်ရုံပြီးစီးပါက သူ ဌေးချောင်း-သံတွဲ ၂၃၀ ကေဗွီ မဟာဓာ တ်အားလိုင်းအား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီးတော့ သံတွဲကနေ ကျိန္တလီကို ၆၆ ကေဗွီ ဓာတ်အားစနစ်ဖြင့်လည်းကောင်း၊ ကျိန္တလီ မှ ဂွမြို့သို့ ၃၃ ကေဗွီဓာတ်အားစနစ်ဖြင့်လည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးပေးရန် လျာထားပါကြောင်းနှင့် ့ စီမံကိန်းအားလုံး ပြီးစီးသွားမည်ဆိုရင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံး ဓာ တ်အားကို အပြည့်အဝ သုံးစွဲနိုင်မည်ဖြစ်ပြီးတော့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်တဲ့ workshop ကို အမျိုးသားလွှတ်တော်က အကုန်လုံးတက်ဖို့ဆိုတော့လည်း နေရာအခက်အခဲကြောင့် အားလုံး တက်ရောက်ရခြင်း မရှိကြောင်း Report မှာတွေ့ပါတယ်။ ကျွ န်တော့်ဆီ ပြန်လည်တင်ပြတဲ့ အစီရင်ခံချက်တွေမှာလည်း တော်တော်လေး ဗဟုသုတရပါတယ်။ အရင်တုန်းက မသိတာ တွေပေါ့နော်။ အခု ဒေါက်တာအေးမောင် တို့ဆို ဒါအခုသိလာတဲ့အခါ ကြတော့ အမြင်တွေ ကျယ်လာတဲ့ သဘောရှိတာပေါ့။ တ ချို့လည်း ခုန သား ရွှေအိုးထမ်းလာတာ မြင်ချင်တယ် ဆိုတဲ့သူက များပါတယ်။ အန္တရာယ်လည်း မရှိချင်ဘူး။ ရလည်းရချင်တယ်။ တ ချို့ကလည်း စိတ်ပူတာပေါ့။ နိုင်ငံတော်နဲ့ အစိုးရက မျက်နှာပျက်မလား။ တအားများ လျော်ရမလားဆိုတဲ့ စိတ်ပူတာတော့ရှိတာပေါ့။ သို့သော် ဘာပဲဖြစ်စေ အန္တရာယ်ကြီး ခေါင်းပေါ် ရွက်ထားရမည် ဆိုရင်တော့ ဒါက သေသေချာချာ၊ တိတိကျကျ၊ ခိုင်ခိုင်မာမာ ပြန်လည်သုံးသပ်ဖို့ ဘက်စုံ ထောင့်စုံက သုံးသပ်ပြီးတော့မှ ခိုင်ခိုင်မာမာလုပ်ဖို့ လိုတာပေါ့။ အဲဒီလိုလည်း တင်ပြတဲ့ပုဂ္ဂိုလ် တွေလည်း ရှိပါတယ်။ တစ်ချို့လည်း အချုပ်အခြာအာဏာပဲ ဆုံးရှုံးသွားမလား ဆိုပြီး စိတ်ပူတာ လည်းရှိပါတယ်။ အဲ ဒီတော့ ဘာပဲဖြစ် စေ မြစ်ဆုံကိစ္စက မြစ်ဆုံကိစ္စသပ်သပ် ထားပြီးတော့ အဲဒီ workshop ကို တက်ခြင်းအားဖြင့် အခြားအလားတူ အခုလိုပေါ့နော်။ ဆည်မြောင်းတာတမံတွေ ဖောက်မယ်ဆိုရင် မိမိတို့မှာ ဗဟုသုတ ရှိထားဖို့ လိုတဲ့အတွက်ကို တကယ်လို့ လွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒရှိလို့ရှိ ရင် အဲဒီ workshopကို အစအဆုံး ရိုက်ထားတဲ့ VCD တွေ ရပါပြီ။အပိုင်း တစ်၊ နှစ်၊ သုံး၊ လေး ရှိပါတယ်။ ဆန္ဒရှိတယ်ဆိုရင် ကျွန်တော်တို့ ညနေပိုင်းမှာ

မြန်မြန်ဖြတ်ပြီးတော့ အပိုင်း တစ်၊ နှစ် ကို ဒီနေ့ကြည့် ့ကြမယ်။ အပိုင်း သုံး၊ လေး ကို မနက်ဖြန် ကြည့်ရမှာပေါ့။ ကြည့်ဖို့ဆန္ဒရှိကြပါသလား။

**လွှတ်တော်ကိုယ်စားလှယ်များ။** ။ ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ရှိတယ်ဆိုရင် ညနေပိုင်း မှာ အပိုင်း တစ်၊ နှစ် ကြည့်ပြီးတော့ ဒါက ဘာမှ မိ မိတို့ အတွေးအခေါ်ကို ပြောင်းလဲဖို့မဟုတ်ဘူး။ Just For Knownledge ဗဟုသုတ ရပြီးတော့ နောင်ကို ခုနလိုလုပ်မည့်ကိစ္စတွေမှာ အခုလို မေးတတ် အောင်ပေါ့။ ဒါမျိုး ရှိသလား။ ဘယ်လို သုတေသန တွေလုပ်ထားသလဲ။ ဘယ်ရှုထောင့်တွေက လုပ်သလဲ ဆိုတာတွေ သိအောင် ပေါ့။

**ကျောင်းသူ/ကျောင်းသားများအေးချမ်းလုံခြုံစွာဖြင့်ပညာဆည်းပူးနိုင်ရေးအတွက် တက္ကသိုလ်များက စီမံခန့်ခွဲသော အစိုးရကျောင်းဆောင်များကို ပြန်လည်ထူထောင်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းမယ့် မေးခွန်းဟာ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမယ့် မေး ခွန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ကျောင်းသူ/ ကျောင်းသား များ အေးချမ်းလုံခြုံစွာဖြင့် ပညာဆည်းပူးနိုင်ရေးအတွက် တက္ကသိုလ်များက စီမံခန့်ခွဲသော အစိုးရကျောင်းဆောင်များကို ပြန်လည်ထူထောင်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစား အပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးနှင့် ကြွရောက်လာကြသော ပြည်ထော င်စုဝန်ကြီးများကို မင်္ဂလာ ပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်မေး မြန်းမယ့် မေးခွန်းဟာ တိုင်းပြည်ရဲ့ ပညာရေးကဏ္ဍအတွက် အရေးပါတဲ့ မေးခွန်းတစ်ခုဖြစ်တယ်ဆိုတာကို ဦးစွာတင်ပြလိုပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နို င်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ

ယခုနိုင်ငံတော်ကလည်း နေရာဒေသ သအသီးသီးမှာ အထူးဖွံ့ဖြိုးရေးဒေသ ကြီး(၂၄)ခုမှာရော တက္ကသိုလ်တွေကို ထူထောင်ပေး ထားတာကိုလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ဖွယ်ရာ တွေ့ရှိရပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီမေးခွန်းမှာ တင်ပြထားသလိုပါပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသူ / ကျောင်းသားများ အေးချမ်းလုံခြုံ စွာဖြင့် ပညာဆည်းပူးနိုင်ရေး အတွက် တက္ကသိုလ်များက စီမံခန့်ခွဲသော အစိုးရကျောင်းဆောင်များကို ပြန်လည်ထူထောင် ပေး နိုင်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ဒီမေးခွန်းမှာ ကို ပါပါတယ်။ ပြန်လည်ထူထောင် ပေးခြင်းဆိုတာ ဒီတက္ကသိုလ်အသီးသီးမှာ ပညာသင်ကြားနေတဲ့ ကျောင်းသားတွေအတွက်ကို အဆောင်နေကျောင်းသားတွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေ ကနေပြီးတော့ တက္ကသိုလ် အာဏာပိုင် အဖွဲ့အစည်းတွေကနေပြီးတော့ စီမံခန့်ခွဲ ဆောင်ရွက်ခဲ့တဲ့ ကျော င်းဆောင်တွေဟာ အရင်ခေတ် အခြေအနေတုန်းကတော့ ကျွန်တော်တို့ ထူထောင်ပြီးသား ဖြစ်ပါတယ်။ ကျွန်တော် သည်ပင်လျှင် ဒီသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကို တက်ရောက် ပညာသင်ကြားတဲ့အခါ ကျွန်တော်ရဲ့ နေအိမ်ဟာ အဲဒီတုန်းက ရွှေပြည်သာမြို့သစ် စပြီးတော့ ထူထောင်စဉ် ကာလဖြစ်ပါတယ်။ ရွှေပြည်သာ မြို့သစ်မှာ ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ လမ်းမတော်ဆောင်မှာ ကျွန်တော် တက်ရောက်ပြီးတော့ ပညာသင်ကြားခဲ့တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပါပဲ ရန်ကုန် တက္ကသိုလ်အတွက်ဆိုရင်လည်း ကျောင်းဆောင်တွေရှိ ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ စက်မှုတက္ကသိုလ်အတွက် ဆိုရင်လည်း ကျောင်း ဆောင်တွေ ရှိခဲ့ပါတယ်။ သို့သော်လည်း ကိုယ်တက်ရောက်ပညာဆည်းပူးခဲ့တဲ့အနေအထားလေးနဲ့ပဲ ပြန်ပြီးသုံးသပ် တင်ပြရမယ်ဆိုရင် ကျွန်တော် နေထိုင်ခဲ့တဲ့ လမ်းမတော်ဆေး ကျောင်းဆောင်ဟာ အခုအချိန်မှာတော့ ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်အဖြစ်ကို ပြောင်းလဲတည်ရှိနေပါမြီ အဲဒီတော့ ဒါပြီးတဲ့ အခါကျတော့လည်း ကျွန်တော်ဟာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှာ အထူးကုဆရာဝန် သင်ကြားရေး တာဝန်ကိုပါ တွဲဖက်ပြီးတော့ ကျွန်တော် ထမ်းဆောင်ခဲ့ရပါတယ်။ ထမ်းဆောင်ခဲ့တဲ့ အခါမှာ ကျွန်တော်ဆရာ ပြန်ဖြစ်လာတဲ့ အချိန်အခါမှာကျတော့ ကျွန်တော်တို့ ကျောင်းသူ /ကျောင်းသားတွေအတွက် အဆောင်ကို မစီစဉ်ပေးနိုင်တော့တာကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဟာဆိုရင် ရန်ကုန်မှာ တစ်ခု၊ မန္တလေးမှာ တစ်ခုရှိပါတယ်။ မြန်မာနိုင်ငံ အောက်ပိုင်းတိုင်းဒေသကြီးနှင့် ပြည်နယ်(၇)ခုက ကျောင်းသူ/ ကျောင်းသားတွေဟာ ရန်ကုန်မှာ လာပြီးတော့ ပညာဆည်းပူးရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့

တက္ကသိုလ်တွေက စီမံခန့်ခွဲတဲ့ကျောင်းဆောင်တွေ မထားပေးနိုင်တဲ့အခါကျတော့ ဒီရပ်ကွက်ထဲမှာပဲ ပုဂ္ဂလိကကျောင်းဆောင်တွေမှာ နေထိုင်ပြီးတော့ ပညာသင်ကြားရတာ ဖြစ်ပါတယ်။ အဲ ဒီတော့ ကျောင်းသူ/ကျောင်းသားတွေမှာ ကျန်းမာရေး၊ လူမှုရေး အခက်အခဲတွေ သူတို့ကြုံတွေ့ရပါတယ်။ ကျွန်တော်တို့ ငယ်စဉ်အဆောင်နေခဲ့ရတဲ့ အချိန်ကာလ ဒီမှာ ကိုယ် စားလှယ်တော်ကြီးတွေ တော်တော်များများလည်း ဒီလိုတက္ကသိုလ်ကျောင်းဆောင်တွေမှာ တက်ရောက်ပြီးတော့ ပညာသင် ဆည်းပူးခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ကျွန်တော်တို့ရဲ့ Hall Tutor တွေ ရှိပါတယ်။ အဆောင်မှူးတွေရှိပါတယ်။ ဒီမှာ လူမှုရေး၊ ကျန်းမာရေး အ ခြေအနေအားလုံးကို ဆရာတွေကနေ ရင်အုပ်မကွာ ဆောင်ရွက်ပေးခဲ့တဲ့ အနေအထားဖြစ်ပါတယ်။ နောက်ပြီးတဲ့အခါကျတော့ အဓိက အရေးကြီးတာကတော့ ငွေကြေးကုန်ကျမှုပါ။မိဘတွေအနေနဲ့လည်း ဒီပုဂ္ဂလိကကျောင်းဆောင်တွေမှာ ထားရတဲ့အတွက်ကြောင့်မို့လို့ ငွေကြေးကုန်ကျမှုတွေလည်းများပြားစွာ ကုန်ကျခဲ့ရပါတယ်။ ဒီထက်ပိုပြီးဆိုးတာကတော့ လုံခြုံမှုမရှိတာပါ။ ကျွန်တော်တို့ တက္ကသိုလ်က စီမံခန့်ခွဲတဲ့ ကျောင်းဆောင်တွေမှာ နေထိုင်ခဲ့ရတဲ့ အခါတုန်းကတော့ ကျောင်းသားတွေဟာလည်း ညီညီညွတ်ညွတ်နဲ့ ဆရာတွေကလည်း ညီညီညွတ်ညွတ်နဲ့ ဝန်း နဲ့ခြံနဲ့ သီးခြားဒီလိုနေထိုင်ခဲ့ ရတာပါ။ အခုကတော့ ရပ်ကွက်ထဲမှာ သွားပြီး ပုဂ္ဂလိကအဆောင်မှာ နေရတဲ့အခါကျတော့ အဆောင်နဲ့ပတ်ဝန်းကျင်က အိမ်တွေနဲ့ ဆက်စပ်နေပါတယ်။ နောက်တစ်ခါ စားသောက်ဆိုင်တွေ၊ နောက်အခြားအခြားသော လူမှုရေးဆိုင်ရာ အရှုပ်အရှင်းတွေလည်း အများကြီးရှိခဲ့ပါတယ်။ ဒီအထဲမှာတော့ အဆိုးတကာ့အဆိုးဆုံး တင်ပြချင်တာက စာရိတ္တပိုင်း ဆိုင်ရာပါ။ စာရိတ္တပိုင်း ဆိုင်ရာပျက်စီးမှုတွေအနေနဲ့ အရက်သေစာ သုံးစွဲခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ဒ ါပြီးတဲ့ အခါမှာ အထူးသဖြင့် ကျွန်တော့် ကျောင်းသားတွေမှာဆိုရင် ဘာတွေ့ခဲ့ရလည်း ဆိုတော့ Game ပါ။ Game စွဲပြီးတော့ Game ကစားတာ ညလုံးပေါက် Game ကစားတာမျိုးတွေ ဒါတွေကို ကြီးကြပ်ကွပ်ကဲပေးမယ့် အုပ်ထိန်းသူ မိဘသဖွယ်ဖြစ်တဲ့ ဆရာ /ဆရာမတွေလည်း မရှိတဲ့ အခါကျတော့ ဒီလိုမျိုး စာရိတ္တပိုင်းဆိုင်ရာမှာပါ ထိခိုက်သွားတာ တွေရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ကျောင်းသူလေးတွေ မိန်းကလေးတွေ အနေနဲ့ဆိုရင်လည်း ဒီလိုမျိုးသက်ဆိုင်ရာ ဆရာမကြီးတွေရဲ့ ရင် ခွင်ထဲမှာ ဒီလိုအုပ်ထိန်းမှုမှာ ဝေးကွာနေတဲ့အခါကျတော့ ကျွန်တော်တို့ သမီးရည်းစားထားရှိတာကနေပြီးတော့ပေါ့နော်။ အဲဒီလိုမျိုးအရွယ်မတိုင်ဘဲနဲ့ အိမ်ထောင်ကျတာတွေ ဒီလိုမျိုး လူမှုရေးဆိုင်ရာ စာရိတ္တပိုင်းဆိုင်ရာ ပျက်စီးယိုယွင်းမှုတွေ မြောက်များစွာကို ယနေ့

အချိန်မှာ ဝမ်းနည်းစဖွယ် တွေ့ရှိနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဒီကျောင်းဆောင် ထားရှိမှုစနစ်ဟာ နဂိုတုန်းကလည်း မရှိခဲ့တာမဟုတ်ပါဘူး။ အဲ ဒီတော့ နဂိုတုန်းကထားရှိခဲ့တဲ့ ကျောင်းဆောင်မျိုးတွေ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ တက္ကသိုလ်တွေက စီမံခန့်ခွဲတဲ့ ကျောင်းဆောင်မျိုးတွေကို ပြန်လည်ထူထောင် ပေးနိုင်ခြင်း ရှိ /မရှိ ဆိုတဲ့မေးခွန်းကို အများ ပြည်သူတို့၏ဆန္ဒ ကျောင်းသား /ကျောင်းသူတွေ အားလုံးရဲ့ ဘက်စုံထူးချွန်တဲ့ လူရည်ချွန်၊ လူရည်မွန်လေးတွေ ပြန်လည်ဖြစ်စေရေးဆန္ဒနဲ့ လေးလေးနက်နက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးအထူးပဲတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မဖြေကြားမီ အတွေ့အကြုံလေးတော့ နည်းနည်းပြောပြချင်တာပေါ့။ ကျွန်တော်တို့လည်း ရန်ကုန်တက္ကသိုလ်မှာ အဆောင်နေခဲ့ပါတယ်။ အဆောင်နေခဲ့တဲ့အခါကျတော့ အသက်(၁၆)နှစ်လောက်မှာ တက္ကသိုလ်ရောက်တယ်ပေါ့။ ဘာမှမသိခဲ့ဘူး။ အဲ ဒီတုန်းကတော့ ဘဆွေလေးတို့ ကိုသက်တို့ ကျောင်းသားခေါင်းဆော င်တွေ တပ်ဦးတို့ ခွပ်ဒေါင်းတို့ စသည်ဖြင့် သူတို့တိုင်ကီပုံးထောင် တရားဟော ကျွန်တော်တို့ က အောက်ကနားထောင်။ သူတို့စာရွက် ဝေခိုင်းရင် ဝေပေါ့။ သပိတ်မှောက်ကြမယ်ဆိုရင် ကျွန်တော်တို့လည်း လိုက်အော်ပေါ့။ နောက် ကျ တော့မှ တောခိုသွားတော့မှ အော် ဒါကွန်မြူနစ်တွေပါလား။ ဗမာပြည် ကွန်မြူနစ်ပါတီက နေပြီးတော့ ကျောင်းသားတွေကို နိုင်ငံရေးဇာ တ်သွင်းသွားပါလား။ ငါတို့ နည်းနည်းလေးအချိန်မီ လိုက်ပါလားဆိုတာကို သိတဲ့သဘောရှိပါတယ်။ ဒီလိုအဆောင်တွေနဲ့ စုစုဝေးဝေးထားတဲ့အခါမှာ ဒီနိုင်ငံရေးပါတီတွေက အထူးသဖြင် ့ မြေအောက်အပါအဝင် ကျောင်းသားကို နို င်ငံရေး ဇာတ်သွင်းဖို့အတွက်ကို တကယ်ကို စုဝေးပြီးသားပေါ့။ ဒီလိုအခြေအနေတွေဖြစ်ပေါ်ခဲ့တာတွေ ရှိပါတယ်။ ခုန ဒေါက်တာမြတ်ဉာဏစိုး ဝမ်းနည်းတယ်ဆိုတဲ့ လူမှုရေးပြဿနာတွေဟာ အဆောင် နေတဲ့ ကျောင်းသား/ကျောင်းသူတွေမှာလည်း ဖြစ်ခဲ့တာပဲ။ အများကြီး ဖြစ်ခဲ့တာတွေ့ခဲ့ရပါတယ်။ ဒါတွေက အကြောင်းပြချက်တွေပါနော်၊ အဲ့တော့ ဒီလိုကြောင့်မို့လို့လည်း ခုနဒီကိစ္စတွေက သူတို့ ရပ်တန့်သွားတဲ့ အနေအထားရှိပါတယ်။ အပြင်မှာ တက်ရတဲ့အတွက် စရိတ်စ ကကြီးမားတာ ဘာညာတော့ ရှိတာပေါ့ ။ သို့သော်လည်း ဒါကတော့ သက်ဆိုင် ရာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားလိမ့်မယ်။ သို့သော်ကျွန်တော်တို့ ခေတ်က တွေ့ခဲ့ကြုံခဲ့တဲ့

ကိစ္စနောက်ဆုံး သပိတ်မှောက်ကြပြီ စစ်တပ်က ဝိုင်းပြီ၊ စစ်တပ်ကဝိုင်းတဲ့အခါမှာ ကျွန်တော်တို့ ထွက်မယ်ဆိုတဲ့အခါမှာ အဆောင် EC က သော့မရှိတော့ဘူးဆိုပြီး တံခါးတွေအကု န်လုံး Lock လုပ်ပစ်လိုက်တာ၊ အဲဒီကျမှ သဘောပေါက် တယ်။ ဒီကောင်တွေတို့ကို ဓားစာခံ လုပ်တော့မှာ ပါလား။ သဘောပေါက်ပြီးတော့ တစ်ခါတည်း ပြတင်းပေါက်ကနေကျော်ပြီးတော့မှ စောင်တွေကို ချည်ပြီးတော့မှ ဆင်းပြီးတော့ ထွက်လာတယ်။ ထွက်လာတော့ စစ်တပ်ကတွေ့ရင် မင်းတို့ကို ပစ်သတ်မယ်ဘာညာနဲ့ စစ်တပ်နဲ့တွေ့တဲ့ အခါကျတော့ မပစ်သတ်ဘူး၊ စစ်တပ်က ညီလေးဆိုပြီး ဘယ်ပြန်ချင်တာလဲ ဆိုပြီးလိုက်ပို့တော့မှ သဘောပေါက်ပြီး စစ်တပ်ထဲရောက်သွားတဲ့ အနေအထား လည်း ရှိပါတယ်။ ဒါအတွေ့အကြုံကို ရှင်းပြ တာပါ။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၃၃။**

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါ။ အဲဒီတော့ ကျွန်တော်တို့ ဒီ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးရဲ့ ကျောင်းသား/ ကျောင်းသူများ အေးချမ်းလုံခြုံစွာဖြင့် ပညာဆည်းပူးနိုင်ရေး အတွက်၊ တက္ကသိုလ် များက စီမံ ခန့်ခွဲသော အစိုးရကျောင်းဆောင်များကို ပြန်လည်ထူထောင် ပေးနိုင်ခြင်းရှိပါသလားဆိုတဲ့ မေးခွန်းကို ကျွန်တော်ဖြေပါမယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာတွင် တက္ကသိုလ်အသီးသီး၌ အစိုးရမှဖွင့်လှစ်သော ကျောင်းသား /ကျောင်းသူ အိပ်ဆောင်၊ ဘော်ဒါဆော င်စနစ် မကျင့်သုံး ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ယနေ့အချိန်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် သိပ္ပံ စုစုပေါင်း (၁၆၁)ခုကို ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင် ဖွင့်လှစ် တည်ထောင်၍ အဆင့် မြင့်ပညာများကို လေ့ကျင့် သင်ကြားပေးလျက်ရှိရာ ပညာရေးဝန်ကြီးဌာနတွင် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ် (၆၄)ခုရှိပါတယ်။ ကျွန်တော်တို့

ဝန်ကြီးဌာနတွင် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များနဲ့ ဆရာ /ဆရာမများအဖြစ် တာ ဝန်ထမ်းဆောင်ရန် လေ့ကျင့်ပေးနေသော ပညာရေးတက္ကသိုလ်(၂)ခု၊ ပညာရေးကောလိပ်(၂၀)ခုတို့တွင် ဝန်ထမ်းလောင်း သင်တန်းဖြစ်သည့်အတွက် ဘော်ဒါဆောင်ထားရှိသော်လည်း ကျန်တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ် များတွင် ဘော် ဒါဆောင်မထားရှိပါ။ ဘော်ဒါဆောင်၊ အိပ်ဆောင်များအနေဖြင့်လည်း ရန်ကုန်၊ မန္တလေးတက္ကသိုလ်များ ကဲ့သို့သော ယခင်ဖွင့်လှစ်ထားသော တက္ကသိုလ် (၉)ခု၊ ပညာရေး တက္ကသိုလ် (၂)ခုနှင့် ပညာရေးကောလိပ် (၂၀)ခု စုစုပေါင်း (၃၁)ခုတွင် အိပ်ဆောင်များရှိပြီး ကျန်သည့် (၃၃)ကျောင်းတွင် အသစ်ဖွင့်လှစ်ထားသည့် တက္ကသိုလ်၊ ဒီ ဂရီ၊ ကောလိပ် အနေဖြင့် အိပ်ဆောင် များမရှိပါ။ အလားတူ တစ်ခြား ဝန်ကြီးဌာနများက တာ ဝန်ယူထားသော တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်၊ သိပ္ပံများ (၉၇)ခုတွင်လည်း အများစုမှာ ဖွံ့ဖြိုး ရေးဒေသကြီး (၂၄)ခုကို အခြေခံ၍ အ သစ်တည်ထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ အိပ်ဆောင်မရှိပါ။ အိပ်ဆောင်ရှိသည့် ကျောင်းများတွင် ကျောင်းသား /ကျောင်းသူများကို အိပ်ဆောင်ထားရှိပြီး အိပ်ဆောင်မရှိသော ကျောင်းများတွင် အိပ်ဆောင် မထားနိုင်ပါလျှင် အဆင့်မြ င့်ပညာသင် ကြားနေသော ကျောင်းသား/ကျောင်းသူများအချင်းချင်း နယ်မြေ ဒေသအပေါ် မူတည်၍ အခွင့်အရေးမတူညီမှုများရှိလာနိုင်ပါသည်။ မိဘများအနေဖြင့် သားသမီးပညာရေး အတွက် အထိုက်အလျောက် ကုန်ကျမှုရှိမည်သာဖြစ်ပါသည်။ ကျောင်းသား /ကျောင်းသူများ၏ နေရေးထိုင်ရေး အတွက် မိဘများတွင် အခက်အခဲဖြစ်သော်လည်း တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏(၉၆)ရာခိုင်နှုန်းသည် တက္ကသိုလ်ပုံမှန်သင်တန်းများနှင့် အ ဝေးသင်တက္ကသိုလ် သင်တန်းများသို့ တက်ရောက်လျက်ရှိကြပါတယ်။ ပညာရေး ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ် (၆၄)ခုတွင် ဘွဲ့ကြို၊ ဘွဲ့လွန်နေ့ကျောင်းသား(၆၆၃၁၀)ဦး၊ ကျောင်း သူ (၁၃၆၄၉၀)ဦး စုစုပေါင်း (၂၀၂၀၈၀)ဦးနှင့် အဝေးသင်ကျောင်းသား(၁၂၆၃၄၁)ဦးနဲ့ ကျောင်း သူ(၁၅၇၆၈၃)ဦး စုစုပေါင်း (၂၈၄၀၂၄)ဦး တက်ရောက်လျက်ရှိပါတယ်။ အဆိုပါသင်တန်းများအနက် ဆရာ/ဆရာမလောင်း သင်တန်းဖြစ်သော ပညာရေးတက္ကသိုလ်(၂)ခုနှင့် ပညာရေးကောလိပ် (၂၀)ခုတို့တွင် သင်တန်းသားအမျိုးသား (၂၇၈၇)ဦးနှင့် အမျိုးသမီး(၇၂၅၂)ဦး စုစုပေါင်း (၁၀၀၃၉)ဦးကို ကျောင်းဆောင်ထားရှိခြင်းမှာ သင်တန်း၏ လေ့ကျင့်မှုအစီအစဉ်အတိုင်း ဆောင်ရွက်ရန်အတွက် ထားရှိခြင်းဖြစ်သည့်အပြင် ဘွဲ့လွန်တက်ရောက်နေသော တက္ကသိုလ်များမှ ဆရာ /ဆရာမများကိုလည်း ကျောင်း ဆောင်များတွင်ထားရှိပါတယ်။

ယခင်က ကျောင်းဆောင်များတွင် ကျောင်းသားများထားခဲ့စဉ် အဆောင်ပြုပြင်စရိတ်၊ ရေ၊ မီး၊ မိလ္လာကိစ္စများကို နိုင်ငံတော်မှကျခံခဲ့ပြီး အဆောင်နေကျောင်းသား၊ကျောင်းသူများ၏ အဆောင်လခမှာ စားစရိတ်မျှသာဖြစ်ပါတယ်။ အဆိုပါစရိတ်အပေါ်တွင်လည်း နိုင်ငံတော်မှ ဆန်၊ ဆီ၊ နို့ဆီ၊ သကြား စသော စားသောက်ကုန်ပစ္စည်းများ ကို သက်သာသောဈေးနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပါတယ်။ ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဈေးကွက် စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြ စ်ပါတယ်။ ယခုအခါမှာ နိုင်ငံတော်မှ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် တက္ကသိုလ် /ကောလိပ်များ တိုးချဲ့ ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများ ခန့်ထားခြင်း၊ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် သင်ကြားသင်ယူမှုပစ္စည်းများ ဖြည့်ဆည်းခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ကျောင်းလခ၊ မှတ်ပုံတင်ကြေးနှင့် လက်တွေ့ ကြေးအဖြစ် တစ်နှစ်လျှင် သိပ္ပံဘာသာရပ်အတွက် (၇၅၀၀)ကျပ်နှင့် ဝိဇ္ဇာဘာသာရပ်အတွက်(၇၂၀၀)ကျပ်သာ နိုင်ငံတော်သို့ ပေးသွင်းစေခဲ့ခြင်းမှာ နိုင်ငံတော်အနေဖြင့် ပညာရေးအတွက် များစွာရင်းနှီး မြှုပ်နှံမှု ဆောင်ရွက်နေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

အခြေခံပညာအထက်တန်းအဆင့်ပြီးဆုံး၍အဆင့်မြင့်ပညာသင်ယူနေသော ကျောင်းသား/ ကျောင်းသူများသည် မိမိ၏ဘဝတိုးတက်ရေးအတွက် တက္ကသိုလ်ပညာများကို လေ့လာသင်ယူရာ၌ အစိုးရဘော်ဒါဆောင်တွင်ဖြစ်စေ၊ ပြင်ပပုဂ္ဂလိကဘော်ဒါဆောင် တွင်ဖြစ်စေ ဆင်ခြင်တုံတရားဖြင့် ကြိုးပမ်းအားထုတ်ရမည်သာဖြစ်ပါတယ်။ နယ်ဝေးမှ ကျောင်းသား/ကျောင်းသူများမှာ ပြင်ပတွင်အဆောင်ငှား၍နေထိုင်ကြပါတယ်။ တက္ကသိုလ်/ကောလိပ်ကျောင်းများအနီးရှိ ဘော်ဒါဆောင် ပိုင်ရှင်များကို သက်ဆိုင်ရာပါမောက္ခချုပ်များကခေါ်ယူ၍ စည်းကမ်းထိန်းသိမ်းရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ သန့်ရှင်းရေးစသည်တို့ကို သက်ဆိုင်ရာရပ်ကွက် /ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ခေါ်ယူညှိနှိုင်းပြီး အဆောင်သာယာရေးကော်မတီများ ဖွဲ့စည်းကာ သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်များမှ ဆရာ၊ဆရာမများ က အခါအားလျော်စွာ သွားရောက် စစ် ဆေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ဘော်ဒါဆောင် ထားရှိမည့် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံသည် ကမ္ဘာ့လက်နက်ဖျက်သိမ်းရေး ကော်မတီတွင် မြန်မာနိုင်ငံအနေဖြင့် ဦးဆောင်မှု အခန်းကဏ္ဍ၌ မည်မျှအောင်မြင်မှုရနေကြောင်းနှင့် အခက်အခဲများ ကြုံတွေ့နေရပါက မည်ကဲ့သို့ အခက်အခဲများ ကြုံတွေ့နေရသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းမယ့် မေးခွန်းဟာ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင် က မြန်မာနိုင်ငံသည် ကမ္ဘာ့လက်နက် ဖျက်သိမ်းရေးကော်မတီတွင် ဦးဆောင်မှုအခန်းကဏ္ဍ၌ မည်မျှအောင်မြင် မှုရနေကြောင်းနှင့် အခက်အခဲများကြုံတွေ့နေရပါက မည်ကဲ့သို့ အခက်အခဲများ ကြုံတွေ့နေရသည်ကို သိရှိလိုပါ ကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးညွှန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို လေးစားစွာဖြင့် ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွှန့်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ မှာ ကျွန်တော်တို့ လက်နက်ဖျက်သိမ်းရေးကော်မတီ Committee On Disarmament ကျွန်တော်တို့ ဦးဆောင်ဦးရွက်ပြုပြီးတော့ နိုင်ငံတကာလက်နက် ဖျက်သိမ်းရေးအတွက် ဆောင်ရွက်နေဆဲ ရှိ ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အောင်မြင်မှု မည်မျှရ နေသည်။ အခက်အခဲများရှိရင်လည်း ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ နေရတယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ရော မဲဆန္ဒရှင်ပြည်သူတွေ နေနဲ့ပါ သိရှိလိုတဲ့အတွက်ကြောင့် မေးမြန်းရ ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လက်နက် ဖျက်သိမ်းရေးနဲ့ ပတ်သက်ပြီးတော့ ကုလသမဂ္ဂဟာ အင်မတန်အရေးကြီးတဲ့ ကဏ္ဍဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တချို့စာလုံးများကို အင်္ဂလိပ်စာသားဖြင့် ပြောခွင့်ပြုပါ ခင်ဗျား။ Committee On Disarmament လို့ခေါ်ပါတယ်။ ကျွန်တော်တို့လက်နက် ဖျက်သိမ်းရေး

ကော်မတီ အဲဒါနဲ့ပတ်သက် ပြီးတော့ မြန်မာနိုင်ငံဟာ ဦးဆောင်ဦးရွက်ပြုပြီးတော့ Founding Member ပေါ့ စပြီးတော့ တည်ထောင်ပြီးထဲက ကမကထပြုခဲ့တဲ့ နိုင်ငံတ စ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ကျွန်တော်တို့အနေနဲ့ ဂုဏ်လည်းဂုဏ်ယူသင့်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ကုလသမဂ္ဂ ဆိုင်ရာ သံအမတ်ကြီး အဆက်ဆက်ကလည်း အဲဒီမှာ ဥက္ကဋ္ဌနဲ့ တာဝန်ထမ်းဆောင်ပြီးတော့ ဒီ Nuclear Disarmament အဏုမြူ လက်နက်ဖျက်သိမ်းရေး အပါအဝင် လက်နက်ဖျက်သိမ်းရေး နှင့် ပတ်သက်ပြီးတော့ တက်တက်ကြွကြွ ဦးဆောင်ဦးရွက်ပြုပြီးတော့ ဆောင်ရွက်ခဲ့တာတွေ ရှိခဲ့တာကို ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။ ဒီ ကမ္ဘာ့ လက်နက်ဖျက်သိမ်းရေးကိစ္စဟာ အင်မတန်အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ Nuclear လက်နက်အပါအဝင် လက်နက်တွေ အားလုံးဟာ ဒီကမ္ဘာ့ လူသားတွေရဲ့ အသက်အန္တရာယ် ကျွန်တော်တို့ လူသားမျိုးပြုန်းတီးတဲ့အထိ၊ ပျက်သုန်းသွားတဲ့အထိဖြစ်နိုင်တဲ့ အဖျက်စွမ်းအားတွေ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ဒီအဏုမြူဖျက်အားနှင့် ပတ်သက်ပြီးတော့ ဒါ သမိုင်းမှာကျွန်တော်တို့ဖြစ်ခဲ့တဲ့ကိစ္စပေါ့နော်။ ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမှာ ဒီအဏု မြူ ဗုံးချခဲ့တဲ့အတွက်ကြောင့် ဒါ လူ များစွာအသက်ဆုံးရှုံးခဲ့ရပါတယ်။ ကျွန်တော်တို့ ဟီရိုရှီးမားမှာ ဆိုလို့ရှိရင် သူတို့ချလိုက်တဲ့ ဗုံးကတော့ အဏု မြူဗုံးက အဲဒီတုန်း က နာမည်ပေးတာကတော့ Little Boy ပေါ့။ ယောကျ်ားငယ်လေး ကလေးဆိုတဲ့ဗုံးကို ချလိုက်တယ်။ သူတို့က Little Boy လို့သာပြောတယ်။ ကလေးငယ်လို့ပြောတာ သူရဲ့ဖျက်အား က အင်မတန်မှ ကြီးမားပါတယ်။ အဲဒီမှာရှိတဲ့ ဟီ ရိုရှီးမားမှာရှိတဲ့ အဲဒီ တုန်းက လူဦးရေ (၄)သိန်း ရှိတယ်။ (၄)သိန်းမှာ(၁)သိန်းက ချက်ချင်းသေဆုံးသွားပါတယ်။ အဲဒီဗုံး ချလိုက်တဲ့အတွက်ကြောင့် လေးပုံတစ်ပုံ ကျန်တဲ့ (၅၀၀၀၀)ကတော့ နောက်ထပ်အနှစ် (၃၀)အတွင်းမှာ မီးလောင် တဲ့ ဒဏ်ရာတွေ၊ အဏုမြူ ရောင်ခြည်ထိတဲ့ ဒဏ်ရာတွေကြောင့် တဖြည်းဖြည်း အသက်ဆုံးရှုံးတယ်။ ထိခိုက်ဒဏ် ရာ ရတာကတော့ ကနေ့ထိ အခမ်းအနားတွေ ကျင်းပပြီးတော့ ကျွန်တော်တို့ ကန့်ကွက် နေတာ ကြည့်လို့ရှိရင် ထိခိုက်ဒဏ်ရာရတဲ့ အရေအတွက်ကတော့ အင်မတန်များ ပြားပါတယ်။ နောက်တစ်ခါ နာ ဂါစကီမှာချတဲ့ ဗုံးကျတော့ သူကတော့ Fat Men လို့ ခေါ်တယ်။ အဲဒီဗုံး နဲ့ ချလိုက်တဲ့အခါမှာ နာဂါစကီမှာတော့ ကျွန်တော်တို့ (၄၀၀၀၀) ချက်ချင်းသေဆုံးခဲ့တယ်။ ပြီးတော့ (၃၀၀၀၀) ကတော့ (၂)လနဲ့ (၄)လ အတွင်းမှာ နောက်ထပ်သေတယ်။ နာဂါစကီက နည်းနည်းသက်သာသွားတာကတော့ ဘာကြောင့်လည်းဆိုတော့ သူက တောင်တွေရှိလို့ဖြစ်တယ်။

ဒါလည်း မှတ်သားစရာပါပဲ။ တောင်တွေရှိလို့ရှိရင် အဏုမြူဖုံးကတော့ နည်း နည်းလေး ဟန့်တားသွားတယ်။ အဲဒါကြောင့်မို့လို့ သူက အသေအပျောက် နည်းပြီးတော့ ဒဏ်ရာ ရတာတွေက မရေမတွက် နိုင်ပါဘူး။ ကျန်တဲ့ လက်နက်တွေရဲ့ ဒုက္ခပေးမှုကတော့ ကျွန်တော်တို့ ဒါလောလောဆယ်မှာ ပြဿနာဖြစ်နေတဲ့ အီရ တ်တို့၊ အာဖဂန်နစ္စတန်တို့ ကြည့်လို့ရှိရင် နေ့တိုင်းသေနေတယ်။ သတင်းစာမှာ လည်း ပါပါတယ်။ ဘယ်လောက် ပြည်သူတွေ သေဆုံးပြီး အဲဒါတွေဟာ လက်နက်တွေ ရဲ့ ဆိုးကျိုးပေါ့။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က မြန်မာနိုင်ငံဟာ ဒီလက်နက်ဖျက် သိမ်းရေးကို ဦးဆောင်ဦးရွက်ပြုပြီးတော့ တက်တက်ကြွကြွ ပါ ဝင်တယ်။ ကျွန်တော်တို့က အာဆီယံနိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် အာဆီယံမှာလည်း ယခုဆိုလို့ရှိရင် ကျွန်တော်တို့က မြန်မာနိုင်ငံဟာ လက် နက်ဖျက်သိမ်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ တက်တက် ကြွကြွ ဆောင်ရွက်နေတာကို ကျွန်တော်တို့ ကြားသိ ရပါတယ်။ ကျွန်တော်တို့ Asean Nuclear Free zone စသည်ဖြင့်နော်။ Asean Chapter ရဲ့ အပိုင်း (၁)၊ Article(1) အပိုဒ်(၃)မှာ ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ တိတိကျကျ ရေးထားပါတယ်။ Nuclear လက်နက်ကင်းစင်တဲ့ ဇုန်အပြင် ဒီအဖျက်စွမ်းအားကြီးတဲ့ လက်နက်တွေ ပါ ကင်းစင်တဲ့ဇုန်အဖြစ် အာဆီယံ ကို ဆောင်ရွက်မယ်ဆိုပြီးတော့ ကျွန် တော်တို့ အာဆီယံ (၁၀)နိုင်ငံရဲ့ ခေါင်းဆောင်တွေက အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ သိရှိလိုတာ ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ မျက်နှာစာမှာ တက်တက်ကြွကြွ ဦးဆောင်ပြီး တော့ Founding member အစကနဦးကစပြီးတော့ တာ ဝန်ထမ်းဆောင်ခဲ့တဲ့ Committee on Disarmament လက်နက်ဖျက်သိမ်းရေးကော်မတီနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက် ချက်၊ အောင်မြင်မှုများ၊ အခက်အခဲများရှိလို့ ရှိရင်လည်း ရှိတဲ့ အခက်အခဲများကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော် တင်ပြမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဖြေကြားချက်**

**ဦးမောင်မြင့်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မေးခွန်းမေးမြန်းပေးတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အငြိမ်းစားသံအမတ်ကြီး ဦးညွန့်တင် ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဦးညွန့်တင် ရဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး Nuclear Disarmament ရဲ့သဘောထားကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲ့ ဦးဆောင်တင် သွင်းနေတဲ့ Nuclear Disarmament ဆိုင်ရာ အဆိုမူကြမ်းရဲ့ အခြေခံအကြောင်း အရင်းများကိုလည်းကောင်း အကျဉ်းချုပ်၍တင်ပြလိုပါတယ်။နျူကလီးယားလက်နက်ဖျက်သိမ်းရေး ကိစ္စဟာ ကမ္ဘာသူကမ္ဘာသားများက အစဉ်တစိုက် အထူးအရေးထား ခဲ့တဲ့ကိစ္စရပ် ဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ထွက်လာပြီး တဲ့နောက် အထွေထွေညီလာခံက ပထမဆုံး အတည်ပြု ပြဋ္ဌာန်းပေးခဲ့တဲ့ ဆုံးဖြတ်ချက်အမှတ်-၁အပိုဒ်ခွဲငယ်(၁)ဟာ Nuclear လက်နက်ဖျက်သိမ်းရေး နှင့် သက်ဆိုင်သောဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက် မှာ အဏုမြူစွမ်းအားကော်မရှင်ကို နိုင်ငံများ၏ လက်နက်တပ်ဆင်မှုများမှာ အဏုမြူလက်နက်များနှင့် အခြားအစုလိုက် အပြုံလိုက် သေကြေစေနိုင်သည့် လက်နက်စနစ်များကို လုံး ဝဖယ်ရှားဖျက်သိမ်းရေးအတွက် တိကျသော အဆိုပြုချက်များ ရေးဆွဲဖို့ တိုက်တွန်းထားပါတယ်။ မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကို အလေးအနက်ထားသော နိုင်ငံတစ် နိုင်ငံဖြစ်ပြီး လက်နက် ဖျက်သိမ်းရေးကိစ္စရပ်များမှာ နှစ်ပေါင်းအတန်ကြာကပင် တက်ကြွစွာ ပါဝင်ဆောင် ရွက်လျက်ရှိ ပါသည်။ ၁၉၆၂ ခုနှစ်က ဂျီနီဗာမြို့ လက်နက်ဖျက်သိမ်းရေးကွန်ဖရင့် စတင်ဖွဲ့စည်းခဲ့သည့် Eighteen Nations Disarmament Committee (ENDC) မှာ Founding Member အဖြစ်နဲ့ ပါဝင်ခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံဟာ Nuclear လက်နက်ဆိုင်ရာ စာချုပ်များဖြစ်ကြ တဲ့ Treaty on the Non-Proliferation of Nuclear Weapons (NPT) အား ၁၉၉၂ ခုနှစ် မှာလည်းကောင်း ဒေသဆိုင်ရာ စာချုပ်တစ်ခုဖြစ်သော South East Asia Nuclear Weapon Free Zone Treaty (SEANWFZ) ကို ၁၉၉၅ ခုနှစ်မှာလည်းကောင်း လက်မှတ်ရေးထိုး ခဲ့ပါတယ်။ မြန်မာနိုင် ငံဟာ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတ ကာလုံခြုံရေးကိစ္စများဆိုင်ရာကော်မတီဖြစ်တဲ့ ပထမကော်မတီ မှာ ၁၉၉၅ ခုနှစ်မှ

စတင်ပြီး ချူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆိုတစ်ရပ်ကို ကုလသမဂ္ဂ အဖွဲ့ဝင် အများစုရဲ့ ထောက်ခံမှုဖြင့် နှစ်စဉ် တင်သွင်းလျက်ရှိပါတယ်။ ပြီး ခဲ့တဲ့ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိကျင်းပခဲ့တဲ့(၆၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ပထမကော်မတီ အစည်းအဝေးအတွင်းမှာ လက်နက်ဖျက်သိမ်းရေးဘာသာရပ်မှာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ဟာ အာဆီယံ ရဲ့ ညှိနှိုင်းသူအဖြစ်နဲ့ ယခင်နှစ်များကအတိုင်း ဆက်လက် ဆောင်ရွက်ခဲ့ပြီးတော့ အာဆီယံအဖွဲ့ ရဲ့ ကိုယ်စားပဲ မိန့်ခွန်းစကား ပြောကြားခဲ့ပါတယ်။ မိန့်ခွန်းမှာတော့ အရှေ့တောင်အာရှ Nuclear လက်နက်ကင်းမဲ့ဇုန်စာချုပ်ရဲ့ နောက်ဆက်တွဲ ပရိုတိုကောကို Nuclear လက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံများက အမြန်ဆုံးပါ ဝင် လက်မှတ် ရေးထိုးရေး အပါအဝင် အာဆီယံအဖွဲ့ရဲ့ သဘောထားများကို ထည့်သွင်း ပြောကြားခဲ့ပါတယ်။ အဲဒီပြီးခဲ့တဲ့နှစ် အထွေထွေညီလာခံမှာ မြန်မာနိုင်ငံမှ ဦးဆောင်တင်သွင်းခဲ့သည့် အဆို မူကြမ်းများကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၃၈) နိုင်ငံက ပူးတွဲအဆိုရှင်အဖြစ်နဲ့ ပါဝင် ခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှ တင်သွင်း ခဲ့သည့် Nuclear လက်နက်ဖျက်သိမ်းရေးအဆိုမှာ အဓိကပါဝင်တဲ့ အချက်တွေကတော့ (၁) Nuclear လက်နက်နိုင်ငံများအနေဖြင့် အဏု မြူ လက်နက်ထိပ်ဖူးနှင့် သယ်ဆောင်သည့် စနစ်တို့ကို ပိုမိုစွမ်း အားမြှင့်ရန် ဆောင်ရွက်ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းတို့ကို ချက်ချင်း ရပ်ဆိုင်းပေးဖို့။ (၂) အဏုမြူလက်နက်နိုင်ငံများရဲ့ အဏုမြူလက်နက် အန္တရာယ်ကို တစ်ဆင့်ပြီး တစ်ဆင့် လျှော့ချသွားရေးနှင့် သတ်မှတ်တဲ့ အချိန်ကာလအတွင်းမှာ အဏု မြူလက်နက်များ လုံး ဝဖျက်သိမ်းရေး နည်းလမ်းများကို လုပ်ဆောင်ရန်။ (၃) အဏုမြူလက်နက်မဲ့နိုင်ငံတွေကို အဏု မြူလက်နက်များနဲ့ တိုက်ခိုက်ခြင်း မပြုဖို့နဲ့ ခြိမ်း ခြောက်ခြင်းမပြုဖို့အတွက် အာမခံချက် ပေးဖို့။ (၄) အဏုမြူလက်နက်များကို အဆင့်အလိုက် လျှော့ချသွားဖို့နဲ့ အဏုမြူလက်နက်နိုင်ငံများအချင်းချင်း ဆွေးနွေးမှုများစတင်ဖို့။ (၅) 2000 Review Conference ရဲ့ ဆုံးဖြတ်ချက်မှာ ပါတဲ့အတိုင်း အဏု မြူလက်နက် လျှော့ချရေးဆိုင်ရာ လက်တွေ့ကျတဲ့ အဆင့်တွေကို အပြည့်အ ဝနှင့် ထိရောက်စွာ အကောင်အထည်ဖော်ဖို့။ (၆) Nuclear လက်နက်ပြုလုပ်တဲ့နေရာမှာ အရေးပါတဲ့ Fissile Materials များ ကန့်သတ် ရေးစာချုပ်တစ်ရပ် ပေါ်ထွက်လာ ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်သွားဖို့။ (၇) အဏုမြူလက်နက်မဲ့နိုင်ငံများရဲ့ လုံခြုံမှုအာမခံချက် အပြည့်အဝပေးမယ့် နိုင်ငံတကာစာချုပ်တစ်ရပ်ကို ဆောလျှင်စွာရေးဆွဲ အကောင် အထည်ဖော်ဖို့နဲ့ (၈)ကတော့ Comprehensive Nuclear-Test- Ban Treaty စာချုပ်ကို ဆောလျှ င်စွာ

အသက်ဝင်လာရေးဆောင်ရွက်ရန်နှင့် အပြ ည့်အဝ လိုက်နာကြရန်ဆိုတဲ့ အချက်တွေပဲ ဖြစ်ပါ တယ်။ အဲဒီမြန်မာနို င်ငံကိုယ်စားလှယ်အဖွဲ့က တင်သွင်းခဲ့တဲ့ နျူကလီးယား လက်နက်ဖျက် သိမ်းရေး အဆို မူကြမ်းကို ပထမကော်မတီအတွင်းမှာ ၂၇-၁၀-၂၀၁၀ ရက်နေ့က မဲခွဲဆုံးဖြတ်မှု ပြုခဲ့ပါတယ်။ မဲခွဲတဲ့ အခါမှာ အဆိုမူကြမ်းမှာပါတဲ့ Operational Paragraph (၁၅)နဲ့ ပတ်သက်ပြီးတော့ အဆိုမူကြမ်းအတွင်းမှာ ဆက်လက်ထားရှိရေးကို ဦးစွာ မဲခွဲခဲ့ပါတယ်။ အဲဒီ Operational Paragraph (၁၅)မှာတော့ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်မှာ နျူကလီးယားလက်နက်ပြုလုပ်တဲ့နေရာမှာ ပါ ဝင်တဲ့ Fissile Materials များ ကန့်သတ်ရေး စာချုပ်တစ်ရပ် ပေါ်ထွန်းလာ စေရန်အတွက် စေ့စပ်ညှိနှိုင်းမှု များ ပြုလုပ်သွားရန် တိုက်တွန်း ထားတဲ့ စာချုပ်ပဲ ဖြစ်ပါတယ်။ အဲဒီအဆိုပါစာပိုဒ်ကို Resolution ထဲမှာထည့်ဖို့ လိုအပ်/မလိုအပ် ဆိုတာနဲ့ ပတ်သက်ပြီးမဲခွဲတဲ့အခါမှာ မြန်မာနို င်ငံဘက်ကို ထောက်ခံမဲ (၁၃၇)မဲ ပေး ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ Resolution ဟာ အတည်ပြုနိုင်ပြီးတော့မှ Paragraph (၁၅) မှာလည်း Resolution မှာ ဆက်လက်ပြီးတော့ ပါ ဝင်နိုင်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက EU အဖွဲ့ဝင် နိုင်ငံအများစုက ကန့်ကွက်မဲ ပေးကြပေမယ့်လည်း သူတို့သ ဘောပေါက်လာတဲ့ အတွက်ကြောင့် ချက်ချင်းပဲ သူတို့လည်း ထောက်ခံမဲကို ပြန်ပြီးပြောင်းချင်တယ်လို့ သတင်းပို့လာတဲ့အတွက် EU အဖွဲ့ဝင်နိုင်ငံ(၁၉)နိုင်ငံက ထောက်ခံမဲ အဖြစ်နဲ့ ပြန်လည် ပြီးတော့မှ ပြောင်းလဲခဲ့ပါတယ်။ ဒါကြောင့်လည်း စုစုပေါင်း ထောက်ခံမဲ (၁၅၄)မဲ ရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့မှ အဆို တစ်ရပ်လုံးကို မဲခွဲပြီး ဆုံး ဖြတ်တဲ့အခါမှာတော့ ထောက်ခံမဲ (၁၀၇)မဲ ရရှိပြီးတော့မှ အဆို မူကြမ်းတစ်ခုလုံးကို အတည် ပြုချမှတ်နိုင်ခဲ့ပါတယ်။ မြန်မာ နိုင်ငံရဲ့ အဆိုကို မဲမပေးခင်မှာတော့ တရုတ်နဲ့ ကျူးဘားနိုင်ငံ ကိုယ်စားလှယ်များက ထောက်ခံ ပြောကြားခဲ့ပြီးတော့ အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံကိုယ်စားလှယ်များကတော့ ၎င်းတို့အနေဖြင့် မြန်မာအဆိုကို မူအားဖြင့် ထောက်ခံကြောင်း သို့သော် ၎င်းတို့က NPT အဖွဲ့ဝင်မဟုတ်တဲ့အတွက် ထောက်ခံဖို့ မပြုနိုင် ခြင်းဖြစ်ကြောင်းဆိုပြီးတော့မှ ၎င်းတို့က ပြောကြားခဲ့ပါ တယ်။ မြန်မာအဆိုအား အတည်ပြု ချမှတ်နိုင်ခြင်း ပူးတွဲအဆိုရှင် (၃၇) နိုင်ငံနဲ့ ပါဝင်ခဲ့ခြင်းနှင့် Operational Paragraph (၁၅)နဲ့ ပတ်သက်ပြီး EUအဖွဲ့ဝင် ဥရောပ (၁၉)နိုင်ငံတို့က ၎င်းတို့ရဲ့ ကန့်ကွက်မဲတွေကို ထောက်ခံမဲအဖြစ်ပြောင်းလဲဖို့အတွက် မေတ္တာရပ်ခံပြီးတော့မှ ထောက်ခံမဲအဖြစ် ပြောင်းလဲခဲ့ ခြင်း စသည်တို့ဟာ ပြီး ခဲ့နှစ်က မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့အော င်မြင်မှုများပဲ ဖြစ် ပါတယ်။ ယခုနှစ်မှာတော့ ကုလသမဂ္ဂအထွေထွေ ညီလာခံ ပထမကော်မတီမှာလည်း မြန် မာနိုင်ငံအနေနဲ့

နျူကလီးယား လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆိုမူကြမ်းကို ဆက်လက်တင်သွင်းသွားပြီးတော့ ပူးတွဲအဆိုရှင်များ၊ ထောက်ခံမှုများ ပိုမိုရရှိစေရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတင်းအချို့မှာတော့ မြန်မာနိုင်ငံဟာ နျူကလီးယားလက်နက်ထုတ်လုပ်နေတဲ့ အသွင်ဖန်တီးရာရောက်သော ရေးသားဖော်ပြချက်များ၊ အခြေအမြစ်မရှိ တဲ့ စွပ်စွဲချက်များ ဖော်ပြခဲ့ကြတာကို တွေ့ ရပါတယ်။ ဒီလိုရေးသားဖော်ပြချ က်များကြောင့် အများ ရဲ့အမြင်ကို နားလည်မှုလွဲမှားနိုင်ပါတယ်။ အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို အခြေခံကာ စိုးရိမ်မှုများ လည်း ဖော်ပြခဲ့ ကြပါတယ်။ ဤ လုပ်ရပ်မှာ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံရေးဖိအားပေးလိုသော အဖွဲ့အစည်း များက မြန်မာနိုင်ငံဟာ နျူက လီယားလက်နက် ထုတ်လုပ်ခြင်းကြောင့် ဒေသတွင်း တည်ငြိမ်ရေးနဲ့ အေးချမ်းမှုကို ခြိမ်းခြောက် နေသယောင် စွပ်စွဲနိုင်ဖို့အတွက် လုပ်ကြံဖန်တီးမှု တစ်ရပ်သာ ဖြစ်ပါတယ်။ မြန်မာနိုင် ငံနဲ့ ရုရှားနိုင်ငံတို့ဟာ နည်းပ ညာဖွံ့ဖြိုးတိုးတက်ရေးနဲ့ နျူကလီးယား စွမ်းအင်ကို ကျန်းမာရေး၊ ပညာရေး ကဏ္ဍတို့တွင် ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရန် အတွက် (၁၀)မဂ္ဂါဝပ် ရှိတဲ့ Nuclear Research Reactor တစ်ခုကို IAEA ရဲ့ ကြီးကြပ်မှု အောက်တွင် တည်ဆောက်ဖို့အတွက် သဘောတူညီချက်ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုး ခဲ့ကြပါတယ်။ အဆိုပါ ဆောင်ရွက်ချက်ကိုလည်း IAEA သို့လည်း တရား ဝင်အသိပေး အကြောင်းကြားခဲ့ပြီး IAEA ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည်လည်း ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာ ဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ Nuclear သုတေသနလုပ်ငန်းဆိုင်ရာ ဓာ တ်ပေါင်းဖို တည်ဆောက်ရေးဟာ အသစ်အဆန်းမဟုတ်သလို လျှို့ ဝှက်အစီအစဥ်လည်း မဟုတ်ဘူး ဆိုတာကို IAEA က သိရှိပြီး ဖြစ်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲ့ Nuclear သုတေသန လုပ်ငန်းဆိုင်ရာ ဓာ တ်ပေါင်းဖို တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို အရင်းအ မြစ်ရှားပါးမှုနဲ့ မြန်မာအစိုးရက နိုင်ငံတကာရဲ့ အထင်အမြင်လွဲမှားမှုကို ရှောင်လွှဲ လိုတဲ့အတွက် ဒီစီမံကိန်း အကောင် အထည် ဖော်မှုကို ရပ်ဆိုင်း ထားပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ အခက်အခဲများ ကြုံတွေ့ရမှုကိုလည်း မေးမြန်းထားပါတယ်။ အခက်အခဲဆိုတဲ့ အခါမှာတော့ Nuclear လက်နက် ဖျက်သိမ်းရေး လုပ်ငန်းစဥ်နဲ့ မပြန့်ပွားရေး လုပ်ငန်းစဥ်နှစ်ခုမှာ အချ င်းချင်းအပြန်အလှန် ဆက်နွယ်မှု ရှိပါတယ်။ Nuclear လက်နက်ဖျက် သိမ်းရေးနှင့် မပြန့်ပွားရေး ကိစ္စဟာနှစ်နိုင်ငံချင်း၊ ဒေသဆိုင်ရာချင်းလုပ်ဆောင်ရမည့် ကိစ္စရပ်

မပတ်ဘဲ တစ်ကမ္ဘာလုံး မှာရှိတဲ့ နိုင်ငံများအားလုံးက ပူးပေါင်းပြီးတော့ ဖြေရှင်းရမည့်ကိစ္စ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံများအားလုံး လိပ်ခဲတည်းလည်း ဖြစ်နေမှုမှ ကျော်လွှားနိုင်ဖို့နဲ့ သဘောတူညီချက် ရရှိရေးတို့အတွက် နိုင်ငံရေးဆိုင်ရာ Political Will ပြင်းပြဖို့လိုပါတယ်။ အဆုံးတစ်နေ့မှာတော့ လုပ်ငန်း များ ရှေ့ သို့ဆက်လက်ပြီးတော့မှ ဆောင်ရွက် သွားနိုင်မယ်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံ အနေနဲ့ ယုံကြည်မျှော်လင့် ထားပါတယ်။ လက်နက်ဖျက်သိမ်းရေး Conference မှာ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အကြပ်အတည်းများ ကျော် လွှားနိုင်ရေး အတွက် ကုလသမဂ္ဂ အထူးအစည်းအဝေးတစ်ရပ် ကျင်းပရေးကိုလည်း အခု (၆၆)ကြိမ်မြောက် ကျင်းပနေတဲ့ ကု လသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံအနေနဲ့ တစ်ခြားမိတ်ဆွေနိုင်ငံ များနည်းတူ ထောက်ခံထားပါတယ် ။ Nuclear လက်နက်ပြုလုပ်ရာမှာအရေးပါတဲ့ Fissile Materials များ ကန့်သတ်ရေး စာချုပ်တစ်ရပ် ပေါ်ထွက်လာရေးကို ညှိနှိုင်း လို့ မရမခြင်းတော့ မြန်မာနိုင်ငံက တင်သွင်းတဲ့ Resolution မှာ ပါရှိတဲ့ Fissile Materials များ ကန့်သတ်ရေး ဆိုင်ရာ စာပိုဒ်အပေါ်မှာ မဲခွဲမှုများ ဆက်လက် ရှိနေမယ်လို့လည်း သုံးသပ်ရရှိကြောင်းတင်ပြရင်း ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အခု အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လည် (၁၃း၀၀) နာရီ တိတိမှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည် . စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်သူ့ငွေစာရင်းကော်မတီဝင်က သမ ဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော သမ ဝါယမ အသင်း ဥပဒေ (၁၉၉၂)အား လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများနှင့် ပြဋ္ဌာ န်းနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ချက် အစီရင်ခံစာ တင်သွင်းခြင်းနှင့် အမျိုးသား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ကော်မတီ ဝင် ပြည်သူ့ငွေစာရင်းကော်မတီကတင်သွင်းတဲ့ သမဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော သမဝါယမ အသင်း ဥပဒေ ၁၉၉၂ အား လိုအပ်သော ပြင်ဆင်ဖြည့်စွက် မှုများနှင့် ပြဋ္ဌာ န်းနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဤလွှတ်တော်သို့ တင်သွင်းခဲ့ရာ သမဝါယမ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းတင်ပြချက်အပေါ် လွှတ်တော်မှ အဆိုကို အတည်ပြုဆုံးဖြတ်ခြင်း မပြုသေးပဲ ဆိုင်းငံ့ပြီး ပြည်သူ့ ငွေစာရင်း ကော်မတီမှ ပြန်လည်သုံးသပ် တင်ပြရန် ဆုံးဖြတ်ခဲ့ပါတယ်။ ယခု ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ရီ က ပြန်လည်သုံးသပ်ချက် အစီရင်ခံစာကို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်း အ ဝေးမှာ တင်သွင်းခဲ့တဲ့ သမ ဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော သမဝါယမအသင်း ဥပဒေ (၁၉၉၂)အား လိုအပ်သောပြင်ဆင်၊ ဖြည့်စွက်မှုများဖြင့် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်၍ ပြန် လည် သုံးသပ်တင်ပြရန် ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်အရ ကျွန်တော်တို့ကော်မတီက သုံးသပ်ချက် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ကျွန်တော် ဦးခင်မောင်ရီ က ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး(၁၂) ရက်မြောက်နေ့ အစည်းအ ဝေး၌ သမ ဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော

သမဝါယမအသင်းဥပဒေ ၁၉၉၂ အား လိုအပ်သော ပြင်ဆင် ဖြည့်စွက်ချက်များနှင့် ပြဋ္ဌာန်း နိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းသော အဆိုကို ပြည်သူ့ငွေစာရင်း ကော်မတီကိုယ်စား ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)က တင်သွင်းခဲ့ပါသည်။ တင်သွင်းခဲ့ သော အကြံပြုချက်နှင့် အဆိုအပေါ် သမ ဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးမှ ပြန်လည် ရှင်းလင်းတင်ပြခဲ့ရာ လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်အရ လွှတ်တော်မှ အဆိုကို အတည်ပြု ဆုံးဖြတ်ခြင်း မပြုသေးဘဲ ဆိုင်းငံ့ပြီး ကော်မတီမှ ပြန်လည်သုံးသပ် တင်ပြရန် ညွှန်ကြားခဲ့ပါသည်။ (၂) ဦးခင်မောင်ရီ ၏ အဆိုအပေါ် သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက အသေးစိတ် ပြန်လည်ရှင်းလင်း တင်ပြရုံမျှမက သမ ဝါယမအသင်းဥပဒေ ၁၉၉၂ သမဝါယမအသင်းနည်းဥပဒေ ၁၉၉၈ နှင့် ဝန်ကြီး၏ ရှ င်းလင်းတင်ပြချက်များကို ပြန်လှန် သုံးသပ်နိုင်ရန် အမျိုးသားလွှတ်တော် သို့ ပေးအပ်ခြင်း။ ပြည်သူ့ငွေ စာရင်းကော်မတီ ဥက္ကဋ္ဌနှင့် အဆိုရှင်တို့အား အချိန်ယူ၍ ရှင်းလင်း တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကော်မတီအနေနှင့် ပြည်ထောင်စု ဝန်ကြီး၏ ရှင်းလင်း ဖြေကြားချက်များနှင့် ဥပဒေ၊ နည်းဥပဒေများနှင့် ကော်မတီ၏ အကြံပြုချက်များကို အသေးစိ တ် ချိန်ထိုးလေ့လာသုံးသပ် မှုပြုခဲ့ပါသည်။ သုံးသပ်ရရှိချက်များ အပိုဒ် (၃)၊ ဤကော်မတီ၏ အကြံ ပြုချက်တွင် ဥပ ဒေပါ အခန်း(၇) အသင်း၏ ဘဏ္ဍာရေးအခန်းပြီးလျှင် အခန်း(၈) အသင်းအား ရှင်းလင်းဖျက်သိမ်းခြင်း အခန်းကို ပြဋ္ဌာန်းခြ င်းကြောင့် အဆင့်ကျော်နေကြောင်း လုပ်ငန်းသဘောအရ မလိုလားအပ် သော အမှုအခင်း၊ ဆုံးရှုံးနစ်နာမှုများ မပေါ်ပေါက်စေရန် (က.က)လုပ်ငန်းကို တိကျစွာ ပြဋ္ဌာန်း သတ်မှတ်ပေးသော အခန်း (ခ.ခ) ပေးဆောင်ရမည့် အခွန်အခ များ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် အခန်း (ဂ.ဂ) ကြီးကြပ်မှု အခန်း (ဃ.ဃ) ပြစ်မှု ပြစ်ဒဏ်များ အခန်း စ သည် တို့ကို ဖြည့်စွက်ရန်သင့်ကြောင်း အကြံပြုထားခဲ့ပါသည်။ (၄) ဤအကြံပြုချက်အပေါ် ပြည်ထောင်စု ဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားရာ၌ အဆိုရှင် တင်ပြသကဲ့သို့ လိုအပ် သော ပြဋ္ဌာန်းချက်များကို ကျစ်လစ်စွာပြုစု၊ ရေးဆွဲ၊ ပြဋ္ဌာန်း ရသော အသင်းဥပဒေ၌ မပါရှိသည် မှန်သော်လည်း အသေးစိတ်အချက်အလက်များကို နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပါ ကြောင်း၊ ၁၉၉၂ ခုနှစ် သမ ဝါယမအသင်း ဥပဒေ အခန်း (၅)၊ အပိုဒ် ၃၄ မှ ၃၇ အထိ ပြဋ္ဌာန်းချက်များနှင့် ၁၉၉၈ခုနှစ်၊ သမဝါယမအသင်း နည်းဥပဒေ အခန်း (၂)၊ အပိုဒ် ၉၀ မှ ၉၂ အထိနှင့် အခန်း ၁၃၊ အပိုဒ် ၉၃ မှ ၉၄ ပါ ပြဋ္ဌာန်းချက်များ ပါရှိကြောင်းရှင်းလင်း၍

အဆိုပါပြဋ္ဌာန်းချက်များကို သုံးသပ်စိစစ်သောအခါ ၎င်းတို့သည်ဤကော်မတီ၏ အကြံပြုချက်ဖြစ်သော (ကက)လုပ်ငန်းကို တိကျစွာပြဋ္ဌာန်း သတ်မှတ်ပေးသော အခန်းဟူသည့်အချက်ကို လွှမ်းခြုံနိုင်မှုရှိကြောင်း၊ အသင်း များသည် ယခင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်က ဖွဲ့စည်းခဲ့သော အသင်းများကဲ့သို့ တင်းကျပ်သော စည်းကမ်းဘောင်များနှင့် တုပ်နှောင်ထားမှုမျိုး မဟုတ်ဘဲ စီးပွားရေး အသင်းအဖွဲ့ပီသစွာ အသင်း၏အလုပ်အမှုဆောင်အဖွဲ့က လွတ်လပ်စွာ လုပ်ကိုင်နိုင်စေရန် ဖြေလျှော့မှုအပိုင်း၊ အငြင်းပွားမှုနှင့် အသင်း၏ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက်အပေါ် မကျေနပ်မှုများကို အရပ်ရပ်အစည်းအဝေး General Meeting များဖြင့် အပြီးသတ် အဆုံးအဖြတ်ပေး နိုင်ခွင့် ပြုထားခြင်းများ စသည်တို့ကို တွေ့ရှိရ သဖြင့် အခြားဌာနအဖွဲ့အစည်းများကဲ့သို့ လုပ်ငန်းတာဝန်ကို ဥပဒေအဖြစ် အသေးစိတ်အတိအကျ ပြဋ္ဌာ န်းရန်လိုမည်မဟုတ်ဟု သုံးသပ်ရရှိပါသည်။ အသင်း၏ ဆန္ဒအလျောက်ပါဝင်ပြီး Voluntry Participation နှင့် လုပ်ငန်းကို ဒီမိုကရေစီနည်းလမ်းတကျ စီမံခ န့်ခွဲခြင်း၊ Democratic Control ၏ သဘောသဘာဝကို လက်ခံရမည်ဖြစ်ပါသည်။ (၅)အလားတူ (ခခ) ပေးဆောင်ရမည့် အခွန်အခ ကင်းလွတ်ခွင့်၊ သက် သာခွင့်ပြဋ္ဌာန်းသော အခန်းများပါရှိကြောင်း အကြံပြုချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန် မာနိုင်ငံတော် ဖွဲ့စည်း ပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ ၌ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းပြီးဖြစ်၍ သမဝါယမ အသင်းများသည်လည်း အခွန်ပေးဆောင်ရန်တာဝန်ရှိကြောင်း ဖြေကြားသွားပါသည်။ ဥပဒေတွင် တိကျစွာပြဋ္ဌာန်းထားခြင်း မရှိသေးသော်လည်း နို င်ငံတော်ရှိ ဥပဒေများ၏ အချုပ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပါရှိပြီးဖြစ်သော ပြဋ္ဌာန်းချက်သည် ဤဥပဒေကိုလည်း လွှမ်းမိုးမှုရှိသည်ဟု မှတ်ယူနိုင်သဖြင့် ဖြေကြားချက်ကို လက်ခံသင့်ပါသည်။ ထို့အပြင် နည်းဥပဒေ အခန်း (၇)၊ ပုဒ်မ ၆၅(ခ)တွင် အသင်းကအစိုးရအား ပေးသွင်းရန်ရှိ သော အခွန်တော်များအတွက် အခွန်အရပ်ရပ် ပေးဆောင်ရန် လျာထားငွေဟူ၍ အသင်းများက ဘဏ္ဍာနှစ် အလိုက် ထားရှိရမည့် လျာထားငွေများကို ပြဋ္ဌာန်းထားသဖြင့် အခွန်အခပေးဆောင်ရန်အတွက် ပြင်ဆင်ထားပြီးဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ သို့ဖြစ်၍ ကော်မတီ၏ အကြံပြုချက်ပါ ဤအချက်သည် ဆောင်ရွက်ရန် လိုမည်မဟုတ်ဟု သုံးသပ်ရရှိပါသည်။ (၆) ဆက်လက်၍ ဤကော်မတီက အကြံပြုထားသော ကြီးကြပ်မှု အခန်းနှင့် ပြစ်မှုပြစ်ဒဏ်များအခန်း စသည်တို့မှာလည်း အထက်အပိုဒ် (၄)ပါအတိုင်း လွတ်လပ်စွာ

လုပ်ကိုင်ခွင့်ရထားသည့် စီမံခန့်ခွဲသောစနစ်ဖြစ်ခြင်း၊ အသင်း၏ကိစ္စကို အသင်းအမှုဆော င် ဒါရိုက်တာအဖွဲ့နှင့် အရပ်ရပ်အစည်းအဝေး ဆုံးဖြတ်ချက်တို့ဖြင့် ဆုံးဖြတ်ခွင့် ရှိခြင်း၊ ၂၀၁၁ ခုနှစ်၊ မေလ ၂၀ ရက် နေ့မှ ၂၂ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပသွားသော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ နိုင်ငံတော်သ မ္မတကြီးက သမဝါယမစုဖွဲ့ပုံ ပုံစံနှင့်ဆောင်ရွက်ရာ၌ အထက်မှအောက်သို့ အမိန့်ပေးသည့်စနစ် Top Down Policy ဖြင့် ဖွဲ့စည်းခြင်းမျိုးကို ရှောင်ကြဉ်၍ လက် အောက်မှပါဝင် ဆောင်ရွက်လာစေသော Bottom Up initiated ပုံစံဖြင့် ဖွဲ့စည်းရမှာဖြစ်ပါတယ်ဟု မိန့်ကြားခြင်းများလည်း ရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သမဝါယမ စုဖွဲ့မှုပုံစံဖြင့် စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ကိုင်လိုသူများက အများသဘော တူ အစုဝင်ငွေများ ထည့်သွင်းဆောင် ရွက်ရခြင်းကို အားပေးရမှာ ဖြစ်ပါသည်။ လက်ရှိအနေအထားအားဖြင့် သမဝါယမဝန်ကြီးဌာနသည် အသင်းများအား စုဖွဲ့ပေးခြင်း Organization၊ ပညာပေးခြင်း Educationနှင့် ထိန်းမတ်ပေးခြင်း Regulation သုံးဆင့်ကိုသာ တာဝန်ယူနေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ တိကျသော ကြီးကြပ်မှုအခန်းနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းရန်လိုမည် မဟုတ်ဟု သုံးသပ်ရရှိပါသည်။ နိုင်ငံပိုင်ငွေကြေးမပါရှိဘဲ စိတ်တူကိုယ်တူ ယုံကြည်စိတ်ချရသူချ င်း ညှိနှိုင်းသဘောတူညီချက် အရ ရယူလုပ်ဆောင်ရန် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ရန် အရပ်ရပ် အစည်းအဝေးဖြင့် အတည်ပြုရန် ကျေနပ်မှုမရှိပါက ဦးစီးဌာနနှင့် ပြည်ထောင်စုဝန်ကြီးထံ အယူခံဝင်နိုင်ရန် အစီအစဉ်များရှိနေ၍ အသင်းများက လက်တွေ့လုပ်ဆောင်နိုင်မည်ဟု ယူဆနိုင်ကြောင်း သုံးသပ်ရရှိပါသည်။ (၇) အလားတူတင်ပြ သည့် ဥပဒေပါနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်သော အသုံးအနှုန်းများကို ပြင်ဆင်ရန်လိုအပ်သည်ဟူသော အကြံပြုချက်မှာလည်း စကားရပ်များအစားထိုးခြင်းဥပဒေဖြင့် လွှမ်းခြုံမှုရနိုင်သည်ဆိုပါကဆောင်ရွက်ရန်လိုမည် မဟုတ်ဟု သုံးသပ်ရရှိပါသည်။ သမဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော သမဝါယမအသင်း ဥပဒေ ၁၉၉၂သည် စတင်ပြ ဋ္ဌာန်းပြီးချိန်မှစ၍ သမဝါယမအသင်းများ၏ လုပ်ငန်းဆော င်ရွက်မှုအပေါ် တစ်ကြိမ် တစ်ခါမှ ကျင့်သုံးခြင်းမရှိဟု သိရှိရပါ၍ လက်ရှိပုံစံပြောင်း ဖွဲ့စည်းမည့် သမဝါယမပုံစံ အသင်းများ၏ လုပ်ငန်း ဆောင်ရွက်ပုံနှင့် အံဝင်မဝင် မည်သို့ပြုပြင်ဆောင်ရွက်သင့်သည်ကို စောင့်ကြည့်နိုင်ရန် အချိန်ကာလတစ်ခု ခွင့်ပြုထားသင့်သည်ဟု သုံးသပ်ရရှိပါသည်။ သို့ပါ၍အဆိုပါ သမဝါယမအသင်းဥပဒေ ၁၉၉၂ အား လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများနှင့်

ပြဋ္ဌာန်းနိုင်ရေးအတွက် ဤလွှတ်တော်သို့ တင်ပြ သွားနိုင်ရန် လမ်းညွှန်မှုပြုနိုင်ပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့ ငွေစာရင်းကော်မတီ၏ လုပ်ငန်းတင်ပြချက် အစီရင်ခံစာ တစ်ရပ်အနေနဲ့သာ မှတ်တမ်းတင်ထားပေးပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ် ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီ။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်း ကော်မတီ၏ ပြန်လည်သုံးသပ်ချက် အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ပြည်သူ့ငွေစာရင်းကော်မတီ၏ ပြန်လည်သုံးသပ်ချက်အစီရင်ခံစာကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ မြန်မာ့လေကြောင်း (Myanmar Airways) ကို နိုင်ငံ့ဂုဏ်ဆောင် လေကြောင်းလိုင်း (National Flag Carrier)အဖြစ် ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်၍ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် အတွက် (၁၉၅၂ ခုနှစ် ပြည်ထောင်စုမြန်မာ နိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ အမှတ် - ၃၉ )ကို ပြန်လည်ပြင်ဆင်သည့် ဥပဒေတစ်ရပ် ထုတ်ပြန်ဆောင်ရွက် ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က မြန်မာ့လေကြောင်းကို နိုင်ငံ့ ဂုဏ်ဆောင် လေကြောင်းလိုင်း (National Flag Carrier) အဖြစ် ကမ္ဘာ့အလယ်တွင်ဆက်လက်ရပ်တည်၍ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် (၁၉၅၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ

လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေအမှတ် - ၃၉) ကို ပြန်လည်ပြင်ဆင်သည့် ဥပဒေတစ်ရပ် ထုတ်ပြန်ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် စပ်လျဉ်းသည့်အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးညွန့်တင် က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၁။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို ဂါရဝပြုနှုတ် ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဆွေးနွေးချက်တွင် အင်္ဂလိပ် စာသား အနည်းငယ်ပါရှိတဲ့အတွက် ခွင့်ပြုပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုနိုင်ငံပိုင် မြန်မာ့လေကြောင်း Myanmar Air Way ဟာ ဆိုရင် မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့ သမိုင်းနဲ့အတူတကွ ပေါ်ပေါက်လာခဲ့တဲ့ လေကြောင်းလိုင်း တစ်ခုဖြစ်ပါတယ်ခင်ဗျား၊ ၁၉၄၇ ခုနှစ် ဩဂုတ်လမှာ လေကြောင်းပို့ဆောင်ရေးစီမံကိန်းကို ရေးဆွဲပြီးတော့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးမှ ကျွန်တော်တို့လေကြောင်းကို စတင်ဆောင်ရွက် နိုင်ခဲ့ပါတယ်။ အဲဒီ မှာ အမျိုးသား လေကြောင်းသယ်ယူပို့ဆောင်ရေး အမိန့်အမှတ်(၁၉၄၈) Nationalization of Air Transport Order 1948 အရ UBA ဘုတ်အဖွဲ့ကို ဖွဲ့စည်းပြီးတော့ အစိုးရက သိန်း(၅၀)ချေးပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဂျုံးဖြူ လေယာဉ်(၆)စီးနှင့် မြို့ (၁၉) မြို့ကို ပျံသန်းပြီးတော့ ဆောင်ရွက်ခဲ့ရာမှာ အောင်မြင်မှုရတဲ့အတွက်ကြောင့် (၃)နှစ်အကြာ မှာ ဒီသိန်း (၅၀)ကို ပြန်ဆပ်နိုင်ပြီးတော့ UBA ဟာ အောင်အောင်မြင်မြင် ဆက်လက်ပြီးတော့ ပြေးဆွဲနိုင်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်မှာတော့ ပြည်ထောင်စု မြန်မာနိုင်ငံလေကြောင်းသယ်ယူ ပို့ဆောင်ရေးအက်ဥပဒေ ၁၉၅၂ ခုနှစ် အက်ဥပဒေအမှတ် ၃၉ ကို အဲဒီအချိန်က လွှတ်တော်က အတည်ပြုပြီးတော့ ကျွန်တော်တို့ ဥပဒေပြုပေးခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာတော့ လေကြောင်း

ပို့ဆောင်ရေးကော်ပိုရေးရှင်းဆိုပြီးတော့ ပြောင်းလဲပြီးတော့ ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်းအား တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်အမိန့်ကို ကျွန်တော်တို့ ဗိုလ်မှူးကြီးခင်အုန်း၊ ဒုတိယဝန်ကြီးက လက်မှတ်ရေးထိုးပြီးတော့ ထုတ်ခဲ့ပါတယ်။

၁၉၈၉ ခုနှစ် နဝတ ဥပဒေအမှတ် ၉/၈၈ နဲ့ ဆက်လက်ပြီးတော့ ပျံသန်းခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်မှာ ပြည်တွင်းမှာ စတင်ပြေးဆွဲပြီးတော့ ပြည်ပဖြစ်တဲ့ ပီနန်နဲ့ စင်ကာပူကို ပျံသန်းနိုင်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်မှာတော့ ဟောင်ကောင်၊ ကာလကတ္တား၊ စစ်တကောင်း၊ ဗန်ကောက်၊ ဖနွမ်းပင် စသည့်ဖြင့် နိုင်ငံခြားတိုင်းပြည်များကိုလည်း တိုးချဲ့ပြီးတော့ ပျံသန်း ခဲ့ပါတယ်။ အဲဒီတုန်းကဆိုရင် ဘန်ကောက်လေယာဉ်ကြီးတွေကိုနောက်ပိုင်းမှာဘိုးရင်း727 လေယာဉ်ကိုငှားပြီးတော့ပျံသန်းခဲ့ပါတယ်။ အဲလို ကျွန်တော်တို့တစ်ချိန်က အောင်အောင်မြင်မြင် ဆောင်ရွက် နိုင်ခဲ့ပါတယ်။ ဒီကျွန်တော်တို့ မြန်မာ့လေကြောင်းနဲ့ မတိမ်းမယိမ်းပေါ့လေ။ မြန်မာ့လေကြောင်းကို ဖွဲ့စည်းပြီးတော့တစ်နှစ်အကြာမှာ ဖွဲ့စည်းခဲ့တဲ့ အိန္ဒိယ Air India ဟာဆိုလို့ရှိရင် ကျွန်တော်တို့ နဲ့ အတူတူပဲ စတင်ဆောင်ရွက်ခဲ့ပေမယ်လို့ ယခုအခါမှာ ကြီးပွားတိုးတက်ပြီးတော့ Air Bus (၈၅)စီး၊ ဘိုးရင်း (၂၇)စီး၊ စုစုပေါင်း လေယာဉ် (၁၁၂)စီးနဲ့ ဝန်ထမ်းပေါင်း (၁၉၀၀၀) အလုပ်အကိုင်တွေ ရပြီးတော့ ကျွန်တော်တို့ တိုးတက်ပျံသန်းနေပါတယ်။ ထို့အတူ Thai Air Way ဖြစ်တဲ့ TG ဟာ ဆိုလို့ရှိရင်လည်း ၁၉၆၀ ခုနှစ်မှာ သူက စပါတယ်။ သူကတော့ ဘတ် (၂)သန်းနဲ့ ရင်းနှီးပြီးတော့ အဲဒီတုန်းက Air Line (SAS) နဲ့ စုပေါင်းပြီးတော့ ကျွန်တော်တို့စခဲ့ပါတယ်။ Air Line တစ်ခု ထူထောင်ရာမှာ ကျွန်တော် လေ့လာရသမျှကတော့ အခြားဖွံ့ဖြိုးနေတဲ့ Air Line ကြီးတစ်ခုနဲ့ ပူးပေါင်းပြီးတော့ ထူထောင်လို့ရှိရင်တော့ ပိုမိုမြန်ဆန်ပြီးတော့ ခိုင်မြဲတာတွေ့ရပါတယ်။ အဲဒီလို နဲ့ TG ဟာ တိုးတက်လာခဲ့တာ ၁၉၇၇ ခုနှစ်မှာတော့ (SAS) ရဲ့ ကျန်တဲ့ရှယ်ယာ ၁၅ ရာခိုင်နှုန်းကိုဝယ်ပြီးတော့ နိုင်ငံပိုင် Air Line တစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်ခဲ့ပါတယ်။ နိုင်ငံပေါင်း (၃၅)နိုင်ငံ၊ မြို့ကြီး (၇၂)မြို့ကို လေယာဉ်ပေါင်း (၈၅)စီးနဲ့ဆက်လက်ပျံသန်းကာ လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)မှာ နှစ်စဉ် သူက အမြတ်ရရှိတယ်လို့ သူက ပြောပါတယ်။ အခုဆိုရင် TG ဟာ ကမ္ဘာ့အဆင့်(၉) ရောက်နေပါပြီ။ TG ဟာလည်း ကျွန်တော်တို့ National Airline၊ National Flag Carrier ဖြစ်ပါတယ်။ ထို့အတူ ဗီယက်နမ် Air Line ဟာဆိုလို့ရှိရင် ၁၉၅၆ ခုနှစ်မှာ စတယ်။ စပြီးတော့ ထူထောင်ပြီးတော့ ကျွန်တော်တို့ နောက်မှာ ထူထောင် ပေမယ်လို့ ယခုအခါဆိုရင် နိုင်ငံပေါင်း (၁၉)နိုင်ငံ၊ မြို့ကြီးပေါင်း (၄၆)မြို့ကို လေယာဉ် (၆၆)စီးနဲ့

ကျွန်တော်တို့ ပျံသန်းနေပါတယ်။ ၂၀၁၅ ခုနှစ်မှာဆိုလို့ရှိရင် သူတို့ရဲ့ Target ကတော့ လေယာဉ်အစီး (၁၁၀)၊ ထို့အတူပဲ National Airline ဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Airline မလေးရှား Airline စသည်ဖြင့် National Flag Carrier လို့ခေါ်တဲ့ နိုင်ငံ့ဂုဏ်ဆောင် လေကြောင်းလိုင်းတွေဟာ ဆိုလို့ရှိရင် နိုင်ငံ တိုင်းမှာ ဂုဏ်ယူဝင့်ကြွားစွာ ထားလေ့ရှိ ကြပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၇ ခုနှစ် စင်ကာပူမှာ ကျင်းပခဲ့တဲ့ (၁၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးမှာ Asean Economic Communities Blue Print ကို ကျွန်တော်တို့ သဘောတူပြီးတော့ လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ အဲဒီရဲ့ Blue Print အရ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ၂၀၁၅ ခုနှစ်မှာ Asean Open Sky Policy ကို လက်ခံရမှာဖြစ်ပါတယ်။ Asean Single Aveation Market ကြီးလည်းဖြစ်လာပါမယ်။ အဲ ဒီအချိန်မှာဆိုရင် ကျွန်တော်လည်း အရင်တစ်ခေါက် ဦးခင်မောင်ရီ တင်တဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနက ဥပဒေတွေ ပြင်တဲ့အခါမှာလည်း ကျွန်တော် အနည်းငယ်တော့ပြောခဲ့ပါတယ်။ အဲဒီတော့ ဒီ Open Sky Policy ဖြစ်တဲ့အခါမှာ ခုနက အာဆီယံနိုင်ငံတွေမှာ ကျန်တဲ့ အာဆီယံနိုင်ငံ တွေရဲ့ လေကြောင်း လိုင်းတွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ သူတို့ကလည်း ကျွန်တော်တို့ရဲ့ လေကြောင်းလိုင်းတွေကို ဝင်ပြိုင်နိုင်တယ်။ ကျွန်တော်တို့ရဲ့ မြို့ တွေမှာလည်း ဆ င်းခွင့်တောင်းရင် ကျွန်တော်တို့ အနေနဲ့ တားဆီးရခက်ပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ လေကြောင်းလိုင်းကို အခုချိန်က စပြီးတော့ ကျွန်တော်တို့ အချိန်(၃) (၄)နှစ် ရှိ ပါသေးတယ်။ စပြီးတော့ ဒီဥပဒေ ၁၉၅၂ ခုနှစ် ဥပဒေကြီးကို ပြန်လည်ပြုပြင်မွမ်းမံပြီးတော့ အားလုံးပြင်စရာ မလိုပါဘူးခင်ဗျား။ အဲဒီက ကောင်းတာယူပြီးတော့ ပြန်လည်ပြုပြင်မွမ်းမံပြီးတော့ ပြင်ဆင်ပြီးတော့ သင့်လျော်တဲ့အဖွဲ့အစည်း တစ်ခုဖွဲ့ပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ Airline ဟာလည်း TG တို့လို Air India တို့လို Air China တို့လို နောက် Malaysia Air line တို့လို အာဆီယံ ကောင်းကင်ပြင်မှာ သူများနဲ့ယှဉ်ပြီးတော့ ပျံနိုင်မှာဖြစ်ပါတယ်။ အဲဒါကတော့ နည်းလမ်းတွေ အများကြီးရှိပါတယ် ခင်ဗျား။ ကျွန်တော်တို့ Air line တစ်ခုနဲ့ ပူးပေါင်းမလား။ ဥပမာအားဖြင့် တရုတ် China Air line ဆိုပါတော့ တရုတ်နဲ့ပူးပေါင်းပြီးတော့ ပျံသန်းရင်းနဲ့မှ ကျွန်တော်တို့ အတော င်အလက်စုံတဲ့အခါ ခွဲထွက်ပြီးတော့ ကိုယ့်ဟာကိုယ် ဆက်လက် ပျံသန်းတဲ့နည်း။ အဲဒါကတော့ ခုနက TG လုပ်သွားတယ်။ နောက်တ စ်ခါ Singapore Airline လည်း အဲဒီအတိုင်း လုပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သူကတော့ KLM နဲ့ ပေါင်းပြီးတော့ သူတို့ ပျံတယ်။ ပျံရင်း က နေပြီး

သူတို့တောင့်လာတဲ့အခါမှာ Dutch Airline ကနေ ခွဲထွက်လိုက်တယ်။ ခွဲထွက် ပြီးတော့ စင်ကာပူနိုင်ငံ ပိုင် Airline အနေနဲ့ အဲဒီနည်းနဲ့ ကျွန်တော်တို့က လုပ်လို့ရပါတယ်။ နောက်တစ်နည်းကတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ Airline တွေကို စုစည်းပြီးတော့ ကျွန်တော်တို့ Air Craft Industry ပေါ့။ Co-operation တစ်ခုထူထောင်ရမယ်ခင်ဗျား။ ဥပမာအားဖြင့် Board ဖြစ်ဖြစ်ပေါ့။ အဲဒီမှာကတော့ ခုနက ဝန်ကြီးဌာနတစ်ခုတည်းနဲ့ လုပ်လို့မရပါဘူး။ ကျွန်တော်တို့ Air Craft Industry က အင်မတန် ကြီးကျယ်ပါတယ်။ ဒါအခု နိုင်ငံတကာသွားရင် တွေ့ပါတယ်။ သူတို့လေဆိပ်ကြီးတွေ Cargo Handling တွေ၊ ကျွန်တော်တို့ အဲဒီမှာ လေယာဉ်ပျံတွေ ဆီဖြည့်တာ ခေါင်း Handling ဘာညာ၊ အဲဒါတွေက ပိုက်ဆံတွေ အများကြီး အများကြီးရတာ။ လေယာဉ်ပျံ Marshalling ပြတာ၊ နောက်တစ်ခါ အတက်အဆင်း တံတားထိုးပေးတာကအစ အဲဒီတော့ ဒီ Industry က အင်မတန်ကြီးတယ်။ ဒါကြောင့်မို့လို့ ခုနက ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကြီးကြပ်ပြီးတော့ Board သို့မဟုတ် Co-operation အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီးတော့ အဲဒီမှာ ပညာရှင်တွေပါ။ နောက်တစ်ခါ ကျွန်တော်တို့ အဲဒီမှာ အတွေ့အကြုံရှိတဲ့ လေကြောင်းနဲ့ဆိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ DG တွေ၊ MD တွေ၊ VIP Piolot ကြီးတွေ၊ အငြိမ်းစား တွေ သူတို့လည်းပါပြီးတော့၊ ပေါင်းပြီးတော့ Aviation Industry တစ်ခုထူထောင်ပြီးတော့ ခုနက Airline တွေအကုန်ပေါင်း၊ အခု MA ဆိုတာက Myanma Airways, MAI ဆိုတာက Myanmar Airways International သူကတော့ နိုင်ငံတကာ ပျံတယ်။ အဲဒီ (၂)ခုကို ပြန်ပေါင်းချင်လည်း ပေါင်းရမယ်။ ပေါင်းပြီးတော့ ယှဉ်မှရမယ်။ Air Mandalay, Air Yangon ဒီတစ်ခုချင်းနဲ့သွားယှဉ်လို့ကတော့ ဒီနိုင် ငံတကာ သို့မဟုတ်လည်း အာဆီယံလေကြောင်း တွေနဲ့ ဘယ်လိုမှယှဉ်နိုင်မှာမဟုတ်ဘူး။ ယှဉ်နိုင်မှာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ တစ်ခါပြောသလို ကောင်းကင်ပြင်က နေပြီးတော့ မြန်မာ့လေကြောင်း ဆိုတာ ပျောက်သွားနိုင်ပါတယ်။ ကျွန်တော်တို့ အစဉ်အလာ ကြီးမားတဲ့ National Flag Carrier ပျောက်သွားနိုင်ပါတယ်။ Flag Carrier ဘာကြောင့်အရေးကြီးသလဲဆိုတော့ သိတဲ့အတိုင်းပဲ နိုင်ငံတကာကို ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးတွေသွားတဲ့အခါမှာ ကိုယ့် ရဲ့ Flag Carrier နဲ့ကိုယ့် လေယာဉ်ပျံနဲ့ ကိုယ့် အလံ ထောင်ပြီးတော့ သွား လို့ရှိရင် နောက်တ စ်ခါ Direct Flight တွေသွားမယ်။ ဥပမာအားဖြင့် ဒီကနေပြီးတော့ ဗီယက်နမ်ကို Direct Flight သွားမယ်။ ဒီကနေပြီးတော့ ဂျပန်ကို ကျွန်တော် တို့ မှာ ဒါ Air line တစ်ခု မားမားမတ်မတ်ရှိရင် ဘယ်မှာမှ

Transit ဝင်စရာမလိုဘူး၊ အဲဒါကြောင့်မို့ လို့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွ န်တော်တို့က ဒီ Air Craft Industry ကြီးကိုတော့ သေသေချာချာ Boad သို့မဟုတ် Co-oprotion ဖွဲ့ပြီးတော့ သေသေချာချာအုပ်ချုပ်ပြီးတော့ ကျကျနန လုပ်လို့ရှိရင်တော့ ၂၀၁၅ ASEAN Open Sky Policy နဲ့ယှဉ်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ လေကြောင်းလိုင်းက ယှဉ်နိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက ဘာကြောင့် ကျွန်တော်တို့ National Flag Carrier လိုလဲဆိုတော့ ကျွန်တော်တို့ Commercial ထောင်ထားတဲ့ Airline တွေက ဥပမာအားဖြင့် ဆင်း စေချင်တဲ့ နေရာတွေကို မဆင်းနိုင်ဘူး။ ဥပမာအားဖြင့် ကျွန်တော်တို့ ပူတာအိုလိုနေရာ ကျွန်တော်တို့ ဆင်းနိုင်တယ်။ MA က ဆင်းတယ်။ လွိုင်ကော်၊ ဗန်းမော်၊ ခန္တီး၊ မုံရွာ၊ ဟုမ္မလင်း၊ ကျောက်ဖြူ ပုသိမ်၊ မိုင်းဆတ် ဒီလိုနေရာတွေကို Air Mandalay ကို သွားဆင်းခိုင်းရင် မဆင်းချင်ဘူး။ ကျွန်တော်တို့တစ်ခါတလေ လိုအပ်ရင် စစ်တွေ -နေပြည်တော် Direct Flight ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးတွေကို သယ် ပြီးတော့ ဆွဲလာရမယ်။ မြစ်ကြီးနား-နေပြည်တော် ကျွန်တော်တို့ တပ်က ကိစ္စရှိလို့ဖြစ် ဖြစ် သို့မဟုတ်လည်း အစည်းအဝေးရှိလို့ဖြစ်ဖြစ် MA က ဆွဲပေးပါတယ်။ နိုင်ငံတော် Airline က အဲဒါကြောင့်မို့ လို့ ဒီလိုအချက်တွေကြောင့် ကျွန်တော်တို့က National Flag Carrier ကိုတော့ ဆက်လက်ပြီးတော့ ပံ့ပိုးပေးဖို့ လိုပါတယ်ခင်ဗျား။ ဒါ ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီမြန် မာ့လေကြောင်းဖြစ်တဲ့ Myanmar AirWay ကို နိုင်ငံ့ ဂုဏ်ဆောင်လေကြောင်းလိုင်း National Flag Carrier အဖြစ် အာဆီယံနှင့် ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်နိုင်ပြီးတော့နိုင်ငံတော်အကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်ရန်အတွက်၁၉၅၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်လေကြောင်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေအမှတ်- ၃၉ ကို ပြန်လည်ပြင်ဆင် မွမ်းမံတဲ့ ဥပဒေတစ်ရပ် ထုတ်ပြန်ပေးသင့်ပါကြောင်း ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း အဆိုကို တင်သွင်းအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနကတင်သွ င်းသွားတဲ့ ဦးညွှန့်တင် ရဲ့အဆိုကို ကျွန်တော် ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညွှန့်တင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆို မှာ မြန်မာ့လေကြောင်း Myanmar AirWay ကို နိုင်ငံ ဂုဏ်ဆောင်လေကြောင်းလိုင်း National Flag Carrier အဖြစ် ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်၍ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် ၁၉၅၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေအမှတ် -၃၉ကို ပြန်လည် ပြင် ဆင်သည့်ဥပဒေတစ်ရပ် ထုတ်ပြန်ဆောင်ရွက်ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒါ့ကြောင့်အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပ ါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သ ဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးညွှန့်တင် ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးညွှန့်တင်တင်သွင်းတဲ့အဆိုကို ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြဖို့ ဖြစ်ပါတယ်။ ယခု ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကို တင်ပြရမယ့် အချက်နှစ်ချက်ရှိပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့သော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြ ည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု လွှတ်တော်က အမျိုးသားလွှတ်တော်အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို၂၂-၈-၂၀၁၁ ရက်နေ့ တွင် အမျိုးသားလွှတ်တော်၌ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က အဆို တင်သွင်း ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ၂၉-၈-၂၀၁၁ ရက်နေ့၌ ဆွေးနွေးခဲ့ရာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၃၀-၈-၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ပါ တယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၇-၉-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးခဲ့ရာ အမျိုးသားလွှတ်တော် ၏ ပြင်ဆင်ချက်များအတိုင်း သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈အရ အကြောင်းပြန်ကြားလာပါသည်။ သို့ဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်းမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ (က)အရ၊ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း ဖြစ်ပါသည်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့သော အလုပ်သမားအဖွဲ့အစည်းများဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ။** ။ နောက်တစ်ခုက ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော် အစည်းအဝေးတွင် စတင်ဆွေးနွေး နိုင်ရန်ပေးပို့လာသော အလုပ်သမား အဖွဲ့အစည်းများ ဥပဒေကြမ်းကို ၂၆-၈-၂၀၁၁ ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အမျိုးသားလွှတ်တော်၌ အဆိုတင်သွင်းခဲ့ပြီး ၂၉-၈-၂၀၁၁ ရက်နေ့၌ ဆွေးနွေးခဲ့ရာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ဆွေးနွေးနိုင်ရန် ၃၀-၈-၂၀၁၁ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ အလုပ်သမားအဖွဲ့အစည်းများဥပဒေကြမ်း ကို ၁၆-၉-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ဆွေးနွေးခဲ့ရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ အရ အကြောင်းပြန် ကြားလာပါတယ်။ သို့ဖြစ်၍ အမျိုးသားလွှတ် တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့သော အလုပ်သမား အဖွဲ့အစည်းများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုတော့ဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်းဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ၂၇ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၂၈ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။**

**အချိန်။ ၁၃ း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်နေ့မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှ တ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက် သောကြာနေ့ နံနက် (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ယခု (၁၀)မိနစ်ခေတ္တနားပြီးရင်အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ပညာရပ်ဆိုင်ရာ

အလုပ်ရုံဆွေးနွေးပွဲ VCD အခွေအပိုင်း (၁)နဲ့ (၂)ကို ဖွင့်ပြပါမယ်။ ဥက္ကဋ္ဌလည်းကြည့်ရှုရခြင်း မရှိသေးတဲ့အတွက် နောက်ကလာပြီးတော့ အတူတကွကြည့်ရှုမှာဖြစ်ပါတယ်။ ဒီဗွီဒီယို ပြသနေတဲ့ ကိစ္စကို တစ်ဆက်တည်းဆောင်ရွက်မှာဖြစ်တဲ့အတွက် မိမိတို့ရဲ့အပြင်ထွက်လိုတဲ့ ကိစ္စများ ရှိလို့ရှိရင် စည်း ကမ်းသေဝပ်စွာနဲ့ မိမိအစီအစဥ်နဲ့ မိမိဆောင်ရွက်နိုင်ပါတယ်။ ဗွီစီဒီ (၂)ပိုင်း ကြည့်ရှုပြီးတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့ရဲ့တည်းခိုရန် နေရာအသီးသီးကို ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး(၁၀)မိနစ်ခန့် အနားယူနိုင်ပါရန် ထွက်ခွာနိုင် ပါတယ် ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစည်းအဝေးကို ၁၃း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]